မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၃၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ အုပ်ချုပ်မှုအလံတော် တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသမှာမဆို နေထိုင်ကြသည့် ပြည်သူအားလုံး၏ တလုံးတစည်း တညီတညွတ်တည်းသော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့်(ဝံသာနုရက္ခိတ)တရားပေါ်တွင် တည်ဆောက်ထားသည့်စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ တစ်ရေတည်းသောက် တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၀)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်က နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး အားပေးပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖိဖိစီးစီးအလုပ်လုပ်ရန်လိုအပ်

စိုက်ပျိုးနိုင်သည့်မြေဧက သန်း ၅၀ ခန့်အနက် ဧက ၂၅ သန်းကျော်စိုက်ပျိုးနေ မြေလွတ်မြေရိုင်းများ တိုးချဲ့စိုက်ပျိုးနိုင်က စီးပွားရေးပိုမိုဖွံ့ဖြိုးလာမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီ၅ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။ ***ကျော်ဖုံးသို့***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ခန်းမ၌ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး စီမံကိန်းလုပ်ငန်းများ အားကြိုးမာန်တက် အကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်သုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တပ်မတော်အစိုးရ နိုင်ငံ့တာဝန် စတင်ယူချိန်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်းဖြန့်ကြက်ကာ အထူးစီမံကိန်းများချမှတ်ပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်၍ အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်ပေးလျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် နိုင်ငံတော်တစ်ဝန်းလုံး၌ ပေ ၁၈၀ နှင့်အထက် တံတားစုစုပေါင်း ၁၉၄ စင်း တည်ဆောက်ပေးခဲ့သည်။ စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းတာတမံစုစုပေါင်း ၁၇၀ ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ဆက်လက်၍လည်း ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို တစ်ခုပြီး တစ်ခု ဆက်တိုက်အကောင်အထည်ဖော် လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ဖေဖော်ဝါရီလ ၄ ရက်နေ့က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာအနီးတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသည့် စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး **ဝန်လေးယာဉ်များ စိတ်ချစွာ ဖြတ်သန်းသွားလာနိုင်အားရှိသည့် တံတားဖြစ်အောင် ကြိုတင်ညှိနှိုင်းစီမံထားရန်နှင့် တံတားကို အမြန်ပြီးစီးအောင် တည်ဆောက်ရန်** လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ ကတိုက်ချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)ကတာဝန်ယူ တည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး **ကတိုက်ရေလှောင် တမံစီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် အားထည့် တည်ဆောက်သွားရန်နှင့် ကျောက်စရစ်ချောင်း အပါအဝင် ဒေသတွင်းရရှိနိုင်သော ရေအရင်းအမြစ်များကို လေ့လာတိုင်းတာ၍ ဆည်တမံနှင့် တာပတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်** လမ်းညွှန်မှာကြားသည်။

စစ်တောင်းတံတား(မုပ္ပလင်)ကို လက်ရှိစစ်တောင်းတံတား၏ ရေစုန်ဘက် လေးမိုင်ခန့်အကွာနေရာ၌ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအသုံးပြုလျက်ရှိသည့် စစ်တောင်းတံတားမှာ နှစ်ကာလ ရှည်ကြာခဲ့ပြီဖြစ်သည့်အပြင် အစွန်းထွက်ရက်မများပေါ်၌ မော်တော်ကားလမ်း တည်ဆောက်ထားမှုကြောင့် ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာရန် မသင့်လျော်သဖြင့် ယခုကဲ့သို့ စစ်တောင်းမြစ်ကူးတံတားသစ်တစ်စင်းကို နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအကျိုးအတွက် စီမံတည်ဆောက်ခြင်းဖြစ်သည်။ ယင်းတံတားသစ်မှာ စုစုပေါင်းအရှည် ၂၃၉၂ ဒသမ ၇ ပေရှိမည်ဖြစ်သည်။

ကတိုက်ရေလှောင်တမံကို အလျားပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေရှိ မြေသားတမံအဖြစ် တည်ဆောက်လျက်ရှိသည်။ ရေလှောင်တမံ၏ တမံပြည့်ရေလှောင်ပမာဏမှာ ဧက ပေ ၅၆၀၀၀ ဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၁၀၀၀၀ကို သီးထပ်စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေသွားနိုင်မည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်း မီစွာဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးနိုင်စေရန် တာဝန်ရှိသူအားလုံးက အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇီဝမျိုးကွဲဆိုင်ရာ နိုင်ငံတကာအစည်းအဝေး ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ဗန်ကောက် ဖေဖော်ဝါရီ ၇

ထိုင်းနိုင်ငံသည် လာမည့်သီတင်းပတ်အတွင်း နိုင်ငံတကာ ဇီဝမျိုးကွဲဆိုင်ရာ အစည်းအဝေးနှစ်ရပ်ကို ကျင်းပရန်စီစဉ်လျက်ရှိကြောင်း၊ ဒေသဆိုင်ရာ ဇီဝမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရန် ဘုံလမ်းညွှန်ချက်များ မည်သို့ထူထောင်သွားမည်ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် သိပ္ပံ၊ အကယ်ဒမီနှင့် နည်းပညာဆိုင်ရာ နိုင်ငံတကာ အကြံပေးအဖွဲ့၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အခွင့်အလမ်းနှင့် အရင်းအနှီးဆိုင်ရာ တတိယအကြိမ် ကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်မူဝါဒဆိုင်ရာ စီမံကိန်းညွှန်ကြားရေးမှူးချုပ် နီဆာကွန်းကိုစစ်ရက်၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက သောကြာနေ့၌ ကိုးကားဖော်ပြသည်။

ကျင်းပမည်

အဆိုပါအစည်းအဝေးနှစ်ရပ်လုံးကို ဗန်ကောက်ရှိ ကုလသမဂ္ဂကွန်ဖရင့်စင်တာ၌ ကျင်းပမည်ဖြစ်သည်ဟုလည်း နီဆာကွန်းကိုစစ်ရက်က ပြောကြားသည်။

ရည်ရွယ်

ယင်းအစည်းအဝေးများ ကျင်းပခြင်းဖြင့် ထိုင်းနိုင်ငံသည် နိုင်ငံများအကြား ဇီဝမျိုးကွဲများ၏ အခွင့်အလမ်းနှင့် အကျိုးအမြတ်များအပေါ် ဘုံနားလည်သဘောပေါက်မှုတစ်ရပ်ကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၄ ခုနှစ်အတွင်း ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားမှု အာရှသုံးနိုင်ငံ၌ ထက်ဝက်နီးပါး လျော့ကျခဲ့

ဂျီနီဗာ ဖေဖော်ဝါရီ ၇

အာရှသုံးနိုင်ငံသည် ၂၀၀၄ ခုနှစ်အတွင်း၌ ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားမှု ၄၅ ရာခိုင်နှုန်း လျော့ကျခဲ့ပြီး ယခုနှစ်၌ ယင်းရောဂါ ဖြစ်ပွားမှုပပျောက်စေရန် ရည်ရွယ်ထားကြောင်း အဆိုပါသုံးနိုင်ငံမှ ကျန်းမာရေးအာဏာပိုင်များက ဂျီနီဗာ၌ သောကြာနေ့က ပြောကြားသည်။

ဂျီနီဗာရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးချုပ်၌ကျင်းပသော အစည်းအဝေးတွင် အာဖဂန်နစ္စတန်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိများသည် အာရှပိုလီယိုအကြောသေ ရောဂါကို ဖယ်ရှားပစ်ရန် ၂၀၀၅ ခုနှစ်အတွက် အစီအစဉ်တစ်ရပ်ကို ချမှတ်ဖော်ထုတ်ခဲ့ကြသည်။

ပါဝင်

ဆောင်ရွက်မှုအစီအစဉ်တွင် ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားသည့် ယင်းနိုင်ငံများ၏ ကျန်ရှိသော ဒေသအနည်းငယ်၌ ပိုလီယို အကြောသေရောဂါ ကာကွယ်ရေးကို ထပ်ခါတလဲ လုပ်ဆောင်မှုများ ပါဝင်သည်ဟု ဆိုသည်။

ကျဆင်းခဲ့

၂၀၀၄ ခုနှစ်အတွင်း၌ အလားတူ ဆောင်ရွက်ခဲ့မှုကြောင့် ဒေသအတွင်း ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားမှု စုစုပေါင်း သည် ၂၀၀၃ ခုနှစ် တွင် ၃၃၆ မှုရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်၌ ၁၈၆ မှုသို့ ကျဆင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘုရှ်၏စွပ်စွဲချက် အခြေအမြစ်မရှိကြောင်း ဆီးရီးယားနိုင်ငံက ငြင်းဆို

ဒမတ်စကတ် ဖေဖော်ဝါရီ ၆

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် ပြောကြားခဲ့သည့် ပြည်ထောင်စုမိန့်ခွန်းတွင် ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်မှုကို ထောက်ခံအားပေးကြောင်း စွပ်စွဲပြောဆိုထားရာ ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိဟုဆိုကာ ဆီးရီးယားနိုင်ငံက ကြာသပတေးနေ့က ငြင်းဆိုလိုက်သည်။

ဆီးရီးယားနိုင်ငံသည် ယင်း၏ နယ်မြေပိုင်နက်နှင့် လက်ဘနွန်နိုင်ငံ၏ အစိတ်အပိုင်းကို ဒေသအတွင်း ငြိမ်းချမ်းရေးအခွင့်အလမ်းတိုင်းအား ဖျက်ဆီးရန်အတွက် အကြမ်းဖက်သမားများကို အသုံးချခွင့်ပေးထားကြောင်း ဘုရှ်က သူ၏မိန့်ခွန်း၌ စွပ်စွဲပြောကြားခဲ့သည်။

ယင်းသို့ ပြည်ထောင်စုမိန့်ခွန်း၌ ဖော်ပြခဲ့သည့် စွပ်စွဲချက်များသည် ရေရာတိကျခြင်းမရှိသော သတင်းများ အပေါ် အခြေခံဖော်ပြခြင်းဖြစ်ပုံရကြောင်း၊ ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီး ဘူရှရာကာ နာဖာနီက ပြောကြားသည်။ ငြိမ်းချမ်းရေးကို ထောက်ခံရာတွင် မိမိတို့၏ သဘောထားမှာ ရှင်းလင်း ကြောင်း၊ ဆီးရီးယားနိုင်ငံသည် နယ်စပ် လုံခြုံရေးအာမခံချက်ရှိရန် အစွမ်းကုန် လုပ်ဆောင်ထားကြောင်း၊ ဆီးရီးယားနိုင်ငံက အီရတ်နှင့် လုံခြုံရေး သဘောတူချက်ယူလိုကြောင်း အထပ်ထပ်အခါခါ ပြောဆိုခဲ့သော်လည်း အီရတ်ကြားဖြတ် အစိုးရသည် ထိုသဘောတူချက်ကို တရားဝင် အရိပ်အယောင်မပြသေးကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

✳ ကျောဖုံးမှ

အထောက်အကူပြု

ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းတင်ပြရာ၌ မွန်ပြည်နယ်၌ စိုက်ပျိုးရေရရှိရေး ဆည်တမံနှင့် ရေထိန်းတံခါးများကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလျက်ရှိကြောင်း။

မွန်ပြည်နယ်၌ ယခင်က မိုးစပါးနှင့်နွေစပါးဧက ခြောက်သိန်းကျော်သာ စိုက်ပျိုးနိုင်ရာမှ ယခုအခါ ဧကရှစ်သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်နေပြီ ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုတွင် ဧကခုနစ်သောင်းကျော် စိုက်ပျိုးနိုင်ရာမှ ယခုအခါ ဧကနှစ်သိန်းလေးသောင်းကျော်အထိ စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း၊ အဓိက သီးနှံ ၁၀ မျိုးအပြင် အမယ်သစ်သီးနှံသုံးမျိုးကိုလည်း တိုးချဲ့စိုက်ပျိုးနိုင် နေပြီဖြစ်ကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူတစ်ဦးချင်း ဝင်ငွေမြင့်မားလာမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၌ ခရိုင်နှင့် မြို့နယ်ဖွဲ့စည်းထားရှိမှု၊ ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ ရှမ်း စသည့် တိုင်းရင်းသားများ စုပေါင်း နေထိုင်မှု၊ စိုက်ပျိုးမြေဧကနှင့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်မှု၊ မိုးစပါး ဧကငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန်လျာထားသည့်အနက် ၂၀၀၄ခုနှစ် အောက်တိုဘာလကုန်အထိ မိုးစပါးဧက ၄၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်မှု၊ နွေစပါးဧက

ကျော်လွှန်အောင်မြင်

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံသားများ၏အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရည်မှန်းချက်ရောက်ရှိအောင် လက်တွေ့လုပ်ငန်းလမ်းစဉ်များ စနစ်တကျချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ရည်မှန်းထားသည်ထက် ကျော်လွန် အောင်မြင်မှုများရရှိခဲ့သည်ကို မြင်တွေ့ရမှာဖြစ်ကြောင်း။

ဤကဲ့သို့ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ရပ်တန့်မသွားဘဲ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ညီညီညွတ်ညွတ်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

နိုင်ငံတော်အကြီးအကဲက ဝန်ထမ်းများအား ပြည်သူများနှင့် တစ်သားတည်းနေထိုင်ပြီး အကျင့်သိက္ခာ သီလရှိရှိ နေထိုင်ကျင့်ကြံရန်၊ အနေအထိုင်မှအစ ကြွားကြွားဝါဝါ

စာမျက်နှာ ၄ ကော်လံ ၁ သို့

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရေးမြို့ တပ်နယ်ခန်းမ၌ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

၁၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ဧက ၁၀၄၀၀၀ ခန့် စိုက်ပျိုးပြီးစီးမှု၊ ဒေသဆန်ဖူလုံမှုနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးနိုင်မှု၊ ရော်ဘာတိုးချဲ့စိုက်ပျိုးမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ လှိုင်းဘွဲ့မြို့နယ် ဒါးကျိုင်းချောင်း၌ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာတိုင်းတာခဲ့မှုနှင့် ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် မိမိတို့အဖွဲ့သည် သံလွင်တံတား (မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရန်နှင့် ဤနယ်မြေဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ ကားလမ်းခရီးဖြင့် လာရောက်ရာတွင် လမ်းကောင်းမွန်မှု၊ လမ်းတစ်လျှောက် နေအိမ်နှင့် ပတ်ဝန်းကျင်များ သန့်ရှင်းသပ်ရပ်မှုတို့ကို တွေ့ရသကဲ့သို့ သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားတွင်လည်း ဒေသခံလူထုကြီးသည် တက်တက်ကြွကြွ စည်းကမ်းတကျ ပါဝင်တက်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်နည်းအားဖြင့် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများက စည်းကမ်းတကျ ရှေးရှုနေမှုများကို တွေ့မြင်သိရှိရရာ များစွာဂုဏ်ယူစရာဖြစ်ကြောင်း။

ချမှတ်တည်ဆောက်ပေး

နိုင်ငံတော် အစိုးရကလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်စေရန်ရည်မှန်းချက်ထားပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး စီးပွားရေးအရ၊ လူမှုရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ ဖွံ့ဖြိုးတိုးတက်လာစေရန် အားထည့်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ကိုယ့်ရေမြေအခြေအနေ၊ ကိုယ့်ယဉ်ကျေးမှုနှင့်ကိုက်ညီသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်စေရန် မှန်ကန်သော လုပ်ငန်းစဉ်အဆင့်ဆင့်ချမှတ်၍ တည်ဆောက်ပေးလျက်ရှိကြောင်း။

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း၊ ၁၉၈၈ခုနှစ်က နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးအခြေအနေ၊ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ စီးပွားဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ယနေ့ဖြစ်ပေါ် တိုးတက်နေသည့် အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်ပါက မည်ရွေ့မည်မျှ ပြောင်းလဲတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြောင်း။

၁၉၈၈ခုနှစ်က လူတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေသည် ကျပ်၁၉၄၀ သာရှိရာမှ ယခုအခါ ကျပ် ၁၆၀၀၀၀ ခန့်အထိ ပျမ်းမျှ မြင့်မားတိုးတက်လာသည်ကို တွေ့နိုင်ကြောင်း။

ခေတ်မီကုန်းမြင့်စိုက်ပျိုးမှုများကို တီထွင်ကြံဆလုပ်ကိုင်

- ❐ ပြည်နယ်၊ တိုင်း ဒေသအားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်အနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးအလုပ်လုပ်ကြရန် လိုအပ်၊
- ❐ အကြမ်းဖျင်း တွက်ချက်မှုများအရ မိမိတို့နိုင်ငံ၌ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေ ဧရိယာ ဧကသည် သန်း၅၀ခန့်ရှိရာ ယနေ့မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသည်မှာ ဧက ၂၅သန်း ကျော်သာ ရှိနေသေးကြောင်း။ ထို့ကြောင့် ဧက ၂၅သန်းကို ထပ်မံတိုးချဲ့စိုက်ပျိုးသွားနိုင်သေး၊
- ❐ မစိုက်ပျိုးနိုင်သေးသည့် ယင်းမြေလွတ်မြေရိုင်းများကို အပြည့်အဝတိုးချဲ့စိုက်ပျိုးနိုင်ပါက တိုင်းပြည်၏စီးပွားရေးသည် ယခုထက်များစွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်၊
- ❐ စိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကဲ့သို့စီးပွားဖြစ်သစ်ပင်များကို အောင်မြင်အောင် စိုက်ပျိုးသွားကြရမှာ ဖြစ်သကဲ့သို့ ခေတ်မီ ကုန်းမြင့်စိုက်ပျိုးမှုများကို တီထွင်ကြံဆ လုပ်ကိုင်သွားရန်လို။

တိုင်းပြည်၏စီးပွားရေးဘဝ၌ လယ်ယာကဏ္ဍသည် ခေတ်အတန်ကြာသည်အထိ ရှေ့တန်းကပါဝင်နေ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဖိဖိစီးစီးကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန်အရေးကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဌာနဆိုင်ရာများအား တွေ့ဆုံလမ်းညွှန်မှာကြားသည့် အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မရှိကြရန်၊ ဟိတ်ဟန်ထုတ်မှုများကို ရှောင်ရှားကြရန်၊ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ကြရန် အစစ မှာကြားထားပြီးဖြစ်သည့်အပြင် ပြည်သူများ၏ဘဝ တိုးတက်အောင်၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ရန် တာဝန်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကိုခံယူပြီး နိုင်ငံတော်၏အကျိုး၊ ဒေသ၏အကျိုးကို သယ်ပိုးထမ်းရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အားဖြည့်လုပ်ကိုင်

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ အားဖြည့်လုပ်ကိုင်ရန်လိုအပ်နေသည့် စီးပွားရေးကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက မူဝါဒအသစ်အရ ဝန်ကြီးဌာနကိုယ်တိုင် စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခြင်း မပြုတော့ဘဲ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပံ့ပိုးအထောက်အကူပြုသွားမည့် အခြေအနေများ၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ဧကတိုးချဲ့ရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အလေအလွင့် အဆုံးအရှုံး လျော့နည်းကျဆင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

အားပေးပံ့ပိုးဖြည့်ဆည်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးနိုင်သည်များကို အားပေးပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ပြည်နယ်၊ တိုင်း ဒေသအားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းပြည်အနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးအလုပ်လုပ်ကြရန် လိုအပ်ကြောင်း။

အကြမ်းဖျင်း တွက်ချက်မှုများအရ မိမိတို့နိုင်ငံ၌ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေ ဧရိယာဧကသည် သန်း၅၀ခန့်ရှိရာ ယနေ့မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသည်မှာ ဧက၂၅သန်းကျော်သာ ရှိနေသေးကြောင်း၊ ထို့ကြောင့် ဧက၂၅သန်းကို ထပ်မံ တိုးချဲ့စိုက်ပျိုးသွားနိုင်သေးကြောင်း၊ မစိုက်ပျိုးနိုင်သေးသည့် ယင်းမြေလွတ်မြေရိုင်းများကို အပြည့်အဝတိုးချဲ့ စိုက်ပျိုးနိုင်ပါက တိုင်းပြည်၏စီးပွားရေးသည် ယခုထက်များစွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တီထွင်ကြံဆလုပ်ကိုင်

စိုက်ပျိုးမြေတိုးချဲ့လုပ်ကိုင်ရာ၌ တောင်ကုန်းများဖြစ်၍ စိုက်ပျိုး၍မရဟု အကြောင်းပြနေ၍ မဖြစ်ကြောင်း၊ တောင်ကုန်းများပေါ်၌ စိုက်ပျိုးဖြစ်ထွန်းသည့် ရော်ဘာကဲ့သို့ စီးပွားဖြစ်သစ်ပင်များကို အောင်မြင်အောင် စိုက်ပျိုးသွားကြရမှာဖြစ်သကဲ့သို့ ခေတ်မီကုန်းမြင့်စိုက်ပျိုးမှုများကို တီထွင်ကြံဆလုပ်ကိုင်သွားရန် လိုကြောင်း။

အားထုတ်ကြိုးပမ်းမှုနှင့်တီထွင်ကြံဆမှုရှိရန် အရေးကြီးကြောင်း၊ မိမိတို့ ဒေသအတွင်းရှိ ရေမြေသယံဇာတများကို နည်းလမ်းမျိုးစုံ ရှာကြံအားထုတ်၍ အပြည့်အဝ ထိရောက်စွာ အသုံးချနိုင်ပါက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ စီးပွားရေးသည် အမှန်တကယ်ပိုမိုတိုးတက် ဖွံ့ဖြိုးလာရမှာဖြစ်ကြောင်း။

မိမိတို့ နိုင်ငံ၏အခြေအနေအရ တိုင်းပြည်၏စီးပွားရေးဘဝ၌ လယ်ယာကဏ္ဍသည် ခေတ်အတန်ကြာသည်အထိ ရှေ့တန်းက ပါဝင်နေဦးမည်ဖြစ်ရာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက်ဖိဖိစီးစီး ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

ပြည်နယ်၊ တိုင်း အားလုံးသည် ယခုအခါ မိမိဒေသ၊ မိမိပြည်နယ်၊ တိုင်း ဖွံ့ဖြိုးသည်ထက် ပိုမိုဖွံ့ဖြိုးလာအောင် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကလည်း အခြားပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာရေးအတွက် တီထွင်ကြံဆ အားထုတ်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

မိမိတစ်ဦးချင်းအတွက်၊ မိမိပတ်ဝန်းကျင်ဒေသအတွက်ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီးဆောင်ရွက်နိုင်မှသာ နိုင်ငံတော်တစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆက်လက် သယ်ဆောင်နိုင်မှာဖြစ်ကြောင်း။

ထိထိမိမိအလုပ်လုပ်ကြ

နောင်လာ နောက်သားမျိုးဆက်သစ်များ ကောင်းစားရေးအတွက် ယနေ့ ပစ္စုပ္ပန်လူများ၌ တာဝန်ရှိရာ တာဝန်ကျေပွန်သူများဖြစ်အောင် ထိထိမိမိ အလုပ်လုပ်ကြရန် အရေးကြီးကြောင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် သံလွင်တံတား(မော်လမြိုင်)ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ တံတားကြီးနှင့် မော်လမြိုင်မြို့ ကမ်းနားလမ်းပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၆ရက်နံနက် ၁၀ နာရီ မိနစ် ၄၀တွင် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ရေးမြို့သို့ ရောက်ရှိကြရာ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ မိသားစုများက ကြိုဆိုကြသည်။

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရေးတပ်နယ်ခန်းမ၌ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးတိုးတက်မှု

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်က ရေးမြို့နယ်၏အကျယ်အဝန်း၊ ရပ်ကွက်၊ ကျေးရွာများ ဖွဲ့စည်းထားမှုနှင့် မြို့နယ်၏လူဦးရေ၊ စိုက်ပျိုးရေး၊ ဒေသဆန်ဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးမှုတွင် မွန်ပြည်နယ်၏ ပါဝင်မှုအချိုးအဆနှင့် ရေးမြို့နယ်၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဦးဆောင်လမ်းပြကူညီဆောင်ရွက်

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ၊ စိုက်ဧကတိုးချဲ့ရေး၊ သီးနှံအလိုက် အထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးရေးဝန်ထမ်းများအား တောင်သူလယ်သမားများ၏ စိုက်ရေးပျိုးရေးကိစ္စများတွင် ဦးဆောင်လမ်းပြကူညီဆောင်ရွက်ရန် တာဝန်ပေးထားမှုနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား တောင်သူများက အသုံးချသွားရန်လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မဖွံ့ဖြိုးမတိုးတက်သေးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်တိုးတက်မှု အခြေအနေများ၊ မွန်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်လာရေးအတွက် လမ်း၊ တံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊စိုက်ပျိုးရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ငွေကျပ်သန်းပေါင်း ၃၀၀၀ ကျော် အသုံးပြုခဲ့မှုများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများက ပိုမိုပါဝင်ဆောင်ရွက်ကာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်အနက် ရေးမြို့နယ်သည် လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေအများဆုံးရရှိသည့် မြို့နယ်ဖြစ်ကြောင်း၊ အကြမ်းဖျင်းခန့်မှန်းတွက်ချက်မှုအရ ရေးမြို့နယ်၏ လူတစ်ဦးချင်းဝင်ငွေမှာ ကျပ်နှစ်သိန်းကျော်ခန့်ရှိသည်ကို တွေ့ရကြောင်း။

တစ်နိုင်ငံလုံး၏လူတစ်ဦးချင်းဝင်ငွေကို ဆန်းစစ်ကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးတက်မြင့်မားလျက်ရှိရာ ရေးမြို့နယ်အနေဖြင့် လူတစ်ဦးချင်းဝင်ငွေ ပိုမိုမြင့်မားသည်ထက် မြင့်မားနေအောင် ဆက်လက်ကြိုးပမ်းသွားကြရန်လိုကြောင်း။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူ ရ မြင့် အောင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍအများအပြားရှိရာ အလားအလာကောင်းသည့် စီးပွားရေးကဏ္ဍများကို ထိထိမိမိ ဖြစ်ထွန်းလာအောင် လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

လာမည့်ကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း လူတစ်ဦးချင်း၏ဝင်ငွေ ပိုမိုတိုးတက်လာစေရန် သတ်သတ်မှတ်မှတ် မည်ရွေ့မည်မျှဝင်ငွေဖြစ်ပေါ်စေရမည်ဟု ရည်မှန်းချက်ထားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရေးမြို့ကိုလည်းကောင်း၊ ရေးမြစ်ကူးတံတားကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ် များဖြင့် ရေးမြို့မှ သံဖြူဇရပ်မြို့သို့ထွက်ခွာခဲ့ကြပြီး လမ်းခရီးတစ်လျှောက်၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှု ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် သံဖြူဇရပ်မြို့သို့ရောက်ရှိကြရာ သံဖြူဇရပ်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပို့ဆောင်နှုတ်ဆက်ကြသည့် တပ်မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားနှုတ်ဆက်ပြီး အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် သံလွင်တံတား(မော်လမြိုင်)ကို ထပ်မံဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

သီတဂူဆရာတော်ကြီး၏ တပည့်သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မွေးရပ်ဇာတိ ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာတွင် ပေ ၃၀၊ ပေ ၉၀ စာသင်ကျောင်းဆောင်နှင့် ပေ ၃၀၊ ပေ ၂၀ ဆရာဆရာမများအဆောင်၊ ကျေးရွာမုခ်ဦးတံတိုင်းများဆောက်လုပ်လှူဒါန်းခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၀ နှင့် ၁၁ ရက်များတွင် စာသင်ဆောင်နှင့် ဆရာ ဆရာမများအဆောင်များ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ၊ ဓမ္မကထိက ဗဟုဇနဟိတဓရပူဇော်ပွဲ၊ သက်တော်(၃၇)နှစ်ပြည့် မွေးနေ့ပွဲနှင့် ကျေးရွာနှစ်ရွာ မုခ်ဦးဖွင့်ပွဲများ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေး လမ်းခင်းပုံဖော်ပေးလျက်ရှိ ဒေသဖွံ့ဖြိုးရေးနှင့်ကျေးလက်ပြည်သူတို့အပေါ်ထားသည့်စေတနာမှန် ပြည်သူအားလုံးက မမိုတ်မသုန်ယုံကြည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွဲကြိုးပမ်းဆောင်ရွက်မည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့၌ ကြိုဆိုထောက်ခံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက်၉နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ယဉ်ကျေးမှုခန်းမဝင်းအတွင်း၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ အလုပ်အမှုဆောင် ဦးတီခွန်မြတ်နှင့် အလုပ်အမှုဆောင်များ၊ မူဆယ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မူဆယ်ခရိုင်အတွင်းရှိ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းမြို့နယ်များမှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ အင်အား ၂၂၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၈နာရီမှစ၍ ပြည်သူများသည် စုရပ်အသီးသီး၌ နေရာယူကြပြီး ရွှင်လန်းတက်ကြွစွာ ချီတက်၍ အခမ်းအနားကျင်းပမည့် ဝင်းအတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ စနစ်တကျနေရာယူကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ သဘာပတိအဖြစ် မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးမြင့်လွင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးအောင်မြင့်၊ ဦးခွန်ကြည်၊ မုံးစီးကျေးရွာအုပ်စုမှ ရပ်မိရပ်ဖ ဦးစိုင်းမောင်ကျန်၊ တာမိုးညဲမြို့မှ ရပ်မိရပ်ဖ ဦးခမ်းအိုက်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် မနီနီဝင်းကျော်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် တာမိုးညဲမြို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် မချောစုမြင့်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားရေးတာဝန်

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် သဘာပတိ မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှဦးမြင့်လွင်ကအမှာစကားပြောကြားရာတွင် မကြာမီရက်အတွင်း (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ကိုကျင်းပတော့မှာဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားညီလာခံကြီးကိုလည်း ပြန်လည် စတင်ကျင်းပတော့မှာဖြစ်၍ ယခုအချိန်ကာလသည် ဝိသေသအားဖြင့် များစွာထူးခြားလှကြောင်း၊နိုင်ငံတော်အစိုးရသည်ဒို့တာဝန်အရေးသုံးပါးကိုချမှတ်ပြီး နိုင်ငံတော်ကို တည်ဆောက်လျက်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အစဉ်အမြဲထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့်အမျိုးသားရေးတာဝန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသမိုင်းကြောင်းကို ပြန်ကြည့်လျှင် နှစ်တစ်ရာကျော် သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း၊ သူ့ကျွန်ဘဝရောက်ခဲ့ချိန်တွင် ကိုလိုနီနယ်ချဲ့က တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ သံသယပွားသွေးကွဲအောင်၊ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားအောင် ပြည်နယ်ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုင်းရင်းသားခေါင်းဆောင်များက ပြည်နယ်ပြည်မမခွဲခြားဘဲ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့လို့ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားများအတွက် နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကြိုးပမ်းခဲ့၍ အောင်မြင်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများအတွက် အရေးကြီးသည့် ညီလာခံကြီးဖြစ်သကဲ့သို့ အမျိုးသားရေးအနှစ်သာရ အဓိပ္ပာယ် ပြည့်ဝစွာဖြင့်ကျင်းပနေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အလွန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့သည် အမျိုးသားညီလာခံကြီးကို ပြန်လည်စတင်ကျင်းပတော့မည်ဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေး အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များ အားလုံးက ဝိုင်းဝန်းကြိုးပမ်းပြီး ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ တာမိုးညဲမြို့ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူလန့်က တင်ပြရာ၌ ပြည်ထောင်စုနေ့သည် နိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုစုပေါင်း တစ်ရာကျော် စည်းလုံးညီညွတ်စွာ ဥမကွဲသိုက်မပျက် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ချင်ခင်ခင် အတူတကွလက်တွဲပြီး မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ တစည်းတလုံးတည်းသော စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာဖြင့် နေထိုင်ခဲ့ကြကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခဲ့သော တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်မှုကြောင့် နှစ်ပေါင်း ၁၀၀ကျော် အကြာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရကာ သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြောင်း။

လှိုက်လှိုက်လှဲလှဲဂုဏ်ပြု

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ၁၂ရက်နေ့တွင်ကျရောက်မည့်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြောင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စည်းလုံးခြင်းအင်အားကို ဖော်ညွှန်းပြီး သမိုင်းအစဉ်အလာ ကြီးမားသည့် နေ့တစ်နေ့ဖြစ်သော ပြည်ထောင်စုနေ့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများက ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုအားမာန်များပြန်လည်နိုးကြား အမှတ်ရစေခြင်းဟာ အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့်အနှစ်သာရ ရှိရှိကျင်းပမည်ဖြစ်၍ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အား လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ တာမိုးညဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါက်တာဝေလင်းက တင်ပြရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စု တိုင်းရင်းသား အားလုံး၏ အနာဂတ်အရေးအတွက် အလွန်အရေးကြီးသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံဥပဒေဖြစ်သကဲ့သို့ အနာဂတ် နိုင်ငံတော်အတွက် ပြည်ထောင်စုအရေး၊ တိုင်းရင်းသား လူမျိုးများအရေးနှင့် ဒို့တာဝန်အရေးသုံးပါး အပါအဝင် တစ်မျိုးသားလုံး၏ အရေးအရာ ကိစ္စအဝဝတို့ကို ဆောင်ကြဉ်းမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ကြောင်း။

ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုံ တစ်ရာကျော်မှီတင်းနေထိုင်သည့် ပြည်ထောင်စု နိုင်ငံတော်ကြီးတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် လမ်းခင်းပုံဖော်လျက်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်တို့ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် အသက်တမျှအရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အစဉ်အမြဲထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြောင်း၊ ပစ္စုပ္ပန်ကာလအတွက်သာမက နောင်သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းပေးသွားရမည့် အမျိုးသားရေးတာဝန်များလည်းဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်း

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြောင်း။

အမျိုးသား ညီလာခံကြီးသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အသက်တမျှ အလွန်အရေးကြီးသည့် ညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းလာရေးအတွက် အမျိုးသားရေး အနှစ်သာရအဓိပ္ပာယ် ပြည့်စုံစွာဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကျင်းပနေခြင်းဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်းဖြင့် တင်ပြသည်။

မမိုတ်မသုန်ယုံကြည်

ထို့နောက် မူဆယ်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အားလှိုင်က တင်ပြရာတွင် နိုင်ငံတော် အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အခြေခံကျသည့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးမည့် ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီး မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား မွန်ပြည်နယ် သထုံခရိုင် နောင်ကုလားရွာကြီးကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်၇နာရီတွင် မွန်ပြည်နယ် သထုံခရိုင် နောင်ကုလားကျေးရွာအုပ်စု နောင်ကုလားရွာကြီးကျေးရွာ ဘုရားလေးကွင်းအတွင်း၌ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သထုံခရိုင်အတွင်းရှိ ပေါင်မြို့နယ်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မွန်တိုင်းရင်းသားများ၊ ပအိုဝ်းတိုင်းရင်းသားများ၊ ကရင်တိုင်းရင်းသားများ၊ သထုံမြို့ရှိ သိမ်ကုန်းရပ်ကွက်၊ ဘင်လှိုင်ရပ်ကွက်၊ အောက်ကျင်းရပ်ကွက်၊ နန်းခဲရပ်ကွက်၊ လိပ်အင်းရပ်ကွက်၊ ပေါ်တော်မူကျေးရွာ၊ မြေနီကုန်းကျေးရွာ၊ နောင်ကုလားကျေးရွာ၊ ဇရစ်ချောင်ကျေးရွာနှင့် နောင်ဘိုကျေးရွာများမှ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ယာပုံ)

နေရာယူ

အခမ်းအနားမစတင်မီ နံနက်၆နာရီခွဲမှစတင်၍ ပေါင်မြို့နယ် စစ်ကြောင်းကို စစ်ကြောင်းမှူး ပေါင်မြို့နယ် အသင်းအလုပ်အမှုဆောင် ဦးမင်းဦးနှင့် ဒုတိယစစ်ကြောင်းမှူး သထုံမြို့နယ် အလုပ်အမှုဆောင် ဦးသိန်းလှိုင်တို့က ဦးဆောင်၍ မွန်တိုင်းရင်းသားများ၊ စစ်မှုထမ်းဟောင်းများ၊ ပေါ်တော်မူ၊ မြေနီကုန်းကျေးရွာတို့မှ ပြည်သူများ၊ သထုံမြို့နယ် စစ်ကြောင်းကို စစ်ကြောင်းမှူး သထုံမြို့နယ် အသင်းအတွင်းရေးမှူး ဦးသန်းထွန်းနှင့် ဒုတိယစစ်ကြောင်းမှူး မြို့နယ် အသင်းအလုပ်အမှုဆောင် ဦးမောင်မောင်နိုင်တို့က ဦးဆောင်၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ သိမ်ကုန်းရပ်ကွက်၊ ဘင်လှိုင်ရပ်ကွက်၊ အောက်ကျင်းရပ်ကွက်၊ နန်းခဲရပ်ကွက်နှင့် လိပ်အင်းရပ်ကွက်တို့မှ ပြည်သူများ၊ ဘီးလင်းမြို့နယ်စစ်ကြောင်းကို စစ်ကြောင်းမှူး ဘီးလင်းမြို့နယ် အသင်း အတွင်းရေးမှူးဦးမြင့်ဦးနှင့် ဒုတိယစစ်ကြောင်းမှူး သထုံမြို့နယ် အသင်း အလုပ်အမှုဆောင် ဦးသိန်းဝင်းတို့က ဦးဆောင်၍ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ နောင်ကုလားကျေးရွာမှ ပြည်သူများ၊ ကျိုက်ထိုမြို့နယ်စစ်ကြောင်းကို စစ်ကြောင်းမှူး ကျိုက်ထိုမြို့နယ် အသင်းခေတ္တအတွင်းရေးမှူး ဦးစိုးဝင်းအောင်နှင့် ဒုတိယစစ်ကြောင်းမှူး ဦးဝင်းထွန်းမောင်တို့က ဦးဆောင်၍ ကရင်တိုင်းရင်းသားများ၊ ပအိုဝ်းတိုင်းရင်းသားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဇရစ်ချောင်ကျေးရွာ၊ နောင်ဘိုကျေးရွာတို့မှ ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ကျော်ဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပရာ နောင်ကုလားကျေးရွာအုပ်စု ဘုရားလေးကွင်းအတွင်းရှိ သတ်မှတ်နေရာ အသီးသီး၌ နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် သထုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကြီးမြင့်၊ ရပ်မိရပ်ဖ ဦးခွန်ငြိမ်းမောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စမ်းမြင့်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်တင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဘီးလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်မင်းထိုက်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စိုးစိုးအေးတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက ဂုဏ်ပြု တေးသီချင်းများဖြင့် သီဆိုကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ရည်မှန်းချက်ပန်းတိုင်

ထို့နောက် သဘာပတိ သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်မြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး စုစုပေါင်းတစ်ရာကျော် ပါဝင်ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးစသော အမျိုးသားရေးမူဝါဒကို ချမှတ်ရခြင်းဖြစ်ကြောင်း၊ ၎င်းမူဝါဒမှာ ကမ္ဘာတည်သရွေ့သားစဉ်မြေးဆက် စောင့်ထိန်းရမည့် အမျိုးသားရေး မူဝါဒဖြစ်ကြောင်း၊ ထိုအမျိုးသားရေးမူဝါဒနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးအတွက် နိုင်ငံရေးဦးတည်ချက်(၄) ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်ကို စနစ်တကျချီတက်လျက်ရှိကြောင်း။

သန္နိဋ္ဌာန်ချမှတ်

ယခုကဲ့သို့ အခြေအနေအချိန်အခါတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်မာသည်ထက် ခိုင်မာစေရအောင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းထုတ်ဖော်ကြေညာထားပြီး အမျိုးသားညီလာခံအောင်မြင်စွာ ဆက်လက်ကျင်းပသွားရန် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် နိုင်ငံတော်၏ ရှေ့ရေးအတွက် အသက်တမျှ အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက ကြိုဆိုထောက်ခံကြရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်အေးမူကတင်ပြရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းတို့သည် နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာအတူတကွချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြကြောင်း၊ ယနေ့ကာလတွင် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး အခြေခံများသည် ၁၉၈၈ ခုနှစ်ကာလအခြေအနေများနှင့် မနှိုင်းယှဉ်သာအောင် ကွာခြားပြောင်းလဲခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးမည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးတို့ကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့ဟု တင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ သထုံခရိုင် သထုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သန်းသန်းဝင်းက တင်ပြရာတွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ပေါက်စေမည့် အခြေခံဥပဒေသစ်တစ်ရပ်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တရားဝင်ကမ္ဘာသိ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ဤနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် အမိပြည်ထောင်စုကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်မည့် တစ်ခုတည်းသောမူဝါဒလမ်းစဉ်ဖြစ်ကြောင်း။

ကြိုဆိုထောက်ခံ

နိုင်ငံတော်အစိုးရအနေနှင့် ချမှတ်လိုက်သော မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ၂၀၀၄ခုနှစ် မေလ၁၇ရက်တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခု၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့်က တင်ပြရာတွင် ယခုတပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားရေးတာဝန်သုံးရပ်၊ ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သထုံခရိုင် ဒေသတစ်ခုလုံးတွင် မိုးစပါး၊ နွေစပါးအပြင် အခြားသီးနှံများကိုလည်း ရာသီမရွေး စိုက်ပျိုးနိုင်ခဲ့၍ ကျေးလက်နေပြည်သူများ၏ စီးပွားရေးသည် တိုးတက်လာခဲ့ကြောင်း၊ သထုံခရိုင်အတွင်း တောင်အရှေ့ဘက် အဓိကကျေးလက်လမ်းဖြစ်သော မုတ္တမ–သဲအိမ်၊ သဲအိမ်–ကြာပန်း၊ ကြာပန်း–ဝီယော် လမ်းပိုင်းများသည် ပြီးစီးသွားပြီး ဝီယော်–ဝင်းကံ လမ်းပိုင်းသည်လည်း မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ယခင်က မရှိခဲ့ဖူးသော အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ရှိနေပြီဖြစ်သည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆေးရုံ တစ်ရုံကိုလည်း ဘီးလင်းမြို့နယ် ဒေါင့်ရပ်ကျေးရွာတွင် စေတနာရှင်ပြည်သူလူထုတို့ ပူးပေါင်း၍ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာချင်းဆက်လမ်း ၁၀ ခု၊ တံတားနှစ်စင်းအား ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပညာရေးနှင့် ပတ်သက်၍ အထက ငါးကျောင်း၊ အလက နှစ်ကျောင်း၊ အမကကျောင်း ၆၀ နှင့် ပရဟိတကျောင်းများအတွက် ဥပဓိရုပ်ကောင်းမွန်စေရန် ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ အထက်တန်းကျောင်း တစ်ကျောင်းနှင့် အလယ်တန်းကျောင်း တစ်ကျောင်းတို့အား သင်ထောက်ကူ စာသင်ခန်းများ ဖွင့်လှစ်နိုင်၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ကူညီပံ့ပိုးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး ကျေးလက်ကျန်းမာရေး ဆေးခန်းရှစ်ခု၊ တိုက်နယ်ဆေးရုံတစ်ခုအတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ရေရရှိရေးနှင့် ပတ်သက်၍ အုတ်ရေကန်၊ စက်ရေတွင်း၊ အဝီစိတွင်းများ တူးဖော်ရာတွင် ကျေးရွာရှစ်ရွာအတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း တင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ သထုံခရိုင် ပေါင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းအောင်သန်းညွန့်က ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျိုက်ထိုမြို့နယ် မြို့မိမြို့ဖ ဦးမြင့်လွင်က ဆောင်နိုင်ကြီးကျေးရွာ ရေအားလျှပ်စစ်ပြုလုပ်ရန် အလှူငွေကျပ် ၁၅သိန်းကိုပေးအပ်လှူဒါန်းရာ ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးသင်း ခေတ္တအတွင်းရေးမှူး ဦးစိုးဝင်းအောင်က လက်ခံရယူသည်။

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို အလေးအနက်ဂုဏ်ပြုကြောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ကြိုဆိုထောက်ခံကြောင်းတို့ကို အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်းကြေညာသည်။

တစ်ခဲနက်ကြွေးကြော်

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို နံနက် ၈နာရီတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅
အချိန် – နံနက် ၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ
နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

စာမျက်နှာ ၅ မှ

လုပ်ငန်းများကို စဉ်ဆက်မပြတ် ဘက်စုံထောင့်စုံမှ ပြည်သူတို့ဘဝ အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားရေး၊ စီးပွားရေးကို ဟန်ချက်ညီညီ နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအပြင် အထူးသဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးနေကြောင်း၊ မူဆယ်ခရိုင်အတွင်းတွင် တာမိုးညဲ-မန်ယင်းလမ်း၊ လုံထန်-ရှောက်တော်လမ်း၊ တာမိုးညဲ-မန်ဂျေလမ်း၊ တာမိုးညဲ-မုံးစီးလမ်း၊ မုံးစီး-တာပါးလမ်း(ကျောက်ချော လမ်း)များ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်က အနေနီးပြီး ခရီး ဝေးနေခဲ့သည့် ကိုးကန့်ဒေသကို ဆက်သွယ် သွားလာနိုင်တော့မည့် သံလွင်-တာပါး တံတားသစ်ကြီး မကြာမီတည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်တော့မှာ ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆက်သွယ်သွားလာမှု အဓိကကျသည့် နမ့်ခမ်း-ရွှေလီကြိုးတံတား သစ်ကြီးကိုလည်း ပြန်လည် တည်ဆောက်နေပြီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် ရွှေလီရေအား လျှပ်စစ်စီမံကိန်းကြီးကိုလည်း အောင်မြင်အောင် ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်နှင့် ခရိုင်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရန် တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသည့် ဆင်းရွှေလီ အထူး အထွက်ကောင်း စပ်မျိုးစပါးကို စံနမူနာပြ လက်တွေ့ အောင်မြင်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်၍ စိုက်ပျိုးရေးကဏ္ဍတွင် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ကြောင်း၊ မူဆယ်မြို့နယ် တီးမားကျေးရွာ ရွှေပြည်သစ်လူငယ် ပြုစုပျိုးထောင် လေ့ကျင့်ရေးစခန်း၊ မန်ဟီးရိုးမြို့ အထက်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ ခုတင် (၅၀)ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးခြင်း၊ မြို့တွင်းလမ်းများ တိုးချဲ့ ဖောက်လုပ်ပြုပြင်ပေးခြင်းနှင့် နမ့်ခမ်းမြို့နယ် ကန်းဆာနန့်ထိး ရေပေးဝေရေး လုပ်ငန်း၊ ဒေသအတွင်းရှိ စက်မှုဇုန်များ အားပေးဖော်ထုတ်ခြင်း စသည့် လုပ်ငန်းများက နိုင်ငံတော်နှင့် ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူတို့ အပေါ်ထားသည့် စေတနာမွန်ဖြစ်ခြင်းကို အားလုံးက မမိုတ်မသုန် ယုံကြည်လျက်ရှိကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဒေသဝမ်းစာဖူလုံရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ရေး၊ ရေရရှိရေး၊ ရေပေးဝေရေး၊ ကျေးလက်များ မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လုပ်အား၊ ငွေအားများဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အသင်းအဆင့်ဆင့်က မူဆယ်ခရိုင်အတွင်းတွင် ဆက်လက်ဆောင်ရွက်မည့်မူဆယ်မြို့နယ် ဆယ်လန့်ကျေးရွာတွင် သိန်း၃၀ အကုန်အကျခံတည်ဆောက်နေသည့် ကျေးလက်စာကြည့်တိုက်နှင့် လူငယ်ရိပ်သာ၊ နမ့်ခမ်းမြို့နယ် ပန့်ခမ်းရွာရှိ စိုက်ပျိုးမြေလယ် ဧက၁၈၀ ဖော်ထုတ်စိုက်ပျိုးနိုင်မည့် ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ကွတ်ခိုင်မြို့နယ် မိုင်းယုလေးကျေးရွာသားဖွားခန်း ဆောက်လုပ်ခြင်း၊ မော်ဟန်ကျေးရွာ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးလုပ်ငန်း၊ တာခိုင်ရွာအနီးရှိ နမ့်ခိုင်ချောင်းကူးတံတားကူးတို့ဆိပ်လုပ်ငန်း၊ ဒေါင်လုံရွာကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ တာမိုးညဲမြို့ ရှမ်းဆိုက်ကူးရွာ မူလတန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် တာမိုးညဲမြို့ မျိုးဆက်သစ်လူငယ်များ စုစည်းအသိပညာဖလှယ်ရန် ကွန်ပျူတာ၊ စာကြည့်တိုက်၊ စာဖတ်ခန်းများပါသည့် အသင်းရုံးသစ် တည်ဆောက်ရေးလုပ်ငန်း၊ နှစ်စဉ် ဆောင်ရွက်ပေးနေသည့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ ဝေးလံတောင်ပေါ်ဒေသ ကျောင်းသားကျောင်းသူများအတွက် ပညာရေးအထောက်အကူပြု အနီးကပ် စုစည်းပို့ချပေးသောသင်တန်းများ၊ စာကျက်ဝိုင်းနှင့် နွေရာသီ အမျိုးသား ယဉ်ကျေးမှုသင်တန်းများကို ဆောင်ရွက်ကြမှာဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြသွားသည်။

ယင်းနောက် မူဆယ်ခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် တာမိုးညဲမြို့ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူးဦးမြင့်လွင်က ကျပ်သိန်း ၂၀နှင့် တန်ဖိုး၁၀သိန်းရှိ အသင်းဝတ်စုံများ၊ တာမိုးညဲမြို့ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ဦးချစ်ဆွေက ငွေကျပ်၁၀သိန်း၊ လုံထန်ရပ်မိရပ်ဖ ဦးခွန်ကြည်က ငွေကျပ် ၁၀သိန်း၊ ရှောက်ဟော်ကျေးရွာ ရပ်မိရပ်ဖ ဦးအောင်မြင့်က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်ရာ မူဆယ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးစိုင်းကျော်မြင့်က လက်ခံရယူသည်။

ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ်များကို မူဆယ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစံပူးက ပေးအပ်ရာ တာမိုးညဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက လက်ခံရယူသည်။

၎င်းနောက် အသင်းဝင်အဆိုပြုလွှာများကို စုပေါင်းပေးအပ်ရာ တာမိုးညဲမှ အသင်းဝင်အဆိုပြုလွှာ အစောင် ၁၀၀၀၀နှင့် မရှုဖတ်ကာကျေးရွာမှ ရွာလုံးကျွတ် အသင်းဝင်အဆိုပြုလွှာ ၂၀၄စောင်ကို ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းမောင်မောင်ထွန်းက လက်ခံရယူသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက မရှုဖတ်ကာကျေးရွာအတွက် အမှတ်တရ ကချင်ရိုးရာ တူရိယာပစ္စည်းများကို ပြည်နယ်အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ပေးအပ်ရာ မရှုဖတ်ကာကျေးရွာအသင်းဝင်များက လက်ခံရယူသည်။

ထို့နောက် အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦးတို့၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဂျေနန်က ထောက်ခံဆွေးနွေးသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့်ပြည်သူလူထုကြီး၏ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ဤပြည်သူလူထု အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက်၉နာရီ၄၅မိနစ်တွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် ပြာသိုလကွယ်နေ့
(ဥပုသ်နေ့)
၈-၂-၂၀၀၅(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၇။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀ ၈။ မင်းလှရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇း၁၀ ၆။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
၁၇း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၅ ၈။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၆၆)
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ(တတိယနေ့)ပိတ်ပွဲ အခမ်းအနားအစီအစဉ်(၁) (၁၁-၁၂-၂၀၀၄)
၁၉း၂၅ ၁၂။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၁၉း၃၅ ၁၃။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်**
၁၄။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်နိုင်မာရန်မှာ ဒို့ဝန်တာ 'ဖွံ့ဖြိုးဝေစည်တိုင်းတနသ်ာရီ'**
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၃၇)
၁၉။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တုကျွန်းဇမ္ဗူ အောင်ဗောဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ဘုရားချောင်းကျေးရွာရှိ ဘုရားဒါယကာဦးတင်မောင် (ကရမက်) တည်ထားကိုးကွယ်သော တုကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ အကြိုတရားပွဲများ၊ နှမ်းမနဲထိုးပွဲနှင့် ပျော်ပွဲရှင်ပွဲတို့ဖြင့် ကျင်းပမည်ဖြစ်ပြီး တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ၂၃ ရက်) တွင် သံဃာတော် ၃၄ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး တုကျွန်းဇမ္ဗူအောင်ဗောဓိစေတီတော်၏ သမိုင်းစာအုပ်များကို ဓမ္မဒါနအဖြစ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

စမ်းချောင်းလမ်းတွင် ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာ သက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအလုပ်ပေးတရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ရက်အထိ နေ့စဉ် မွန်းတည့်၁၂နာရီမှညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုကဗျာ

မြင်သာ ထင်သာ ဥပမာ

❑ အညာတမာ၊ အောက်ရွာငါးပိ
ပေါင်းဖက်မိက
လူ၏ခံတွင်း၊ ထမင်းစားရာ
ရသာမြိန်ယှက်၊ အကျိုးသက်၏။

❑ တမာချည်းသာ၊ ဖြစ်ခဲ့ပါက
ခါးတာသက်သက်၊ မြိန်ယှက်ထမင်း
လူ့ခံတွင်းမှာ၊ ဖြစ်မလာ။

❑ ငါးပိချည်းသာ၊ ဖြစ်ခဲ့ပါက
ငန်တာသက်သက်၊ မြိန်ယှက်ထမင်း
လူ့ခံတွင်းမှာ၊ ဖြစ်မလာ။

❑ ထိုသည့်ခြင်းရာ၊ ပမာနှိုင်းတု
ပြည်ထောင်စုတွင်း၊ ညီကိုချင်းတို့
လက်ချင်းတွဲကာ၊ ရှိနေပါက
ရသာမြိန်ယှက်၊ ငါးပိချက်နှင့်
တွဲဖက်တမာ ပုံပမာ
ခံစားရမှာ အမှန်ပါ။ ။

မေရု

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၀၅ (အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Abnormal Psychology (တတိယနှစ်-စိတ်ပညာ)
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျှာ"** (အပိုင်း-၁၀)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၁၇)

လေးမျက်နှာပရဟိတဂေဟာ ငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း လေးမျက်နှာမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေး ကိစ္စရပ်များတွင်အသုံးပြုရန် နဝမ အကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့နာယက အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ ပဓာနဦးစီးနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဦးဆောင်၍ အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း၌ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)မွန်းတည့် ၁၂နာရီ၌ ကျင်းပမည်ဖြစ်သည်။ စေတနာရှင်အလှူရှင်များအနေဖြင့် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော စစ်ကိုင်းတိုင်း

သီဟအောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အေးအေးချမ်းချမ်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သည်နှင့်အမျှ ချမ်းသာကြွယ်ဝနိုင်သော အခြေခံကောင်းများရှိသည့် တိုင်းပြည်ဖြစ်သည်။

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ရသည့် အချိန်မှစ၍ ယနေ့အထိ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း အားလုံးအသိပင် ဖြစ်သည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုများ လျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးတို့အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဘက်ပေါင်းစုံမှ ထူထောင်ပေးလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများကို ထူထောင်ရာ၌ တပ်မတော်အစိုးရသည် ကိုယ့်သားကိုယ်ပိုး ကိုယ့်အားကိုယ်ကိုးပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများကို အခြေပြုထူထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်း ဆောင်ရွက်မှု၏ အောင်ပွဲအဖြစ် ယခုအခါ ပြည်နယ်၊ တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတိုးတက်ရေးဆီသို့ ရှေးရှုဦးတည်ချီတက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံး၌ လိုအပ်သည့်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ပြည့်စုံလုနီးပါး ဖြစ်ထွန်းတည်ရှိနေလေပြီ။

၂၀၀၄ခုနှစ် နိုဝင်ဘာလ ၂၉ရက်နေ့၌ ပြည်ထောင်စုကြီး၏အခြေအနေ အရပ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျ လေ့လာသိရှိပြီး ပိုမိုတိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ရခိုင်ပြည်နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူချိန်မှစ၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ တိုင်းရင်းသား လူမျိုးများအားလုံး ဖြစ်နိုင်သမျှ မျှမျှတတ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတော်ရှိ ဒေသအားလုံးသည် ယေဘုယျအားဖြင့် အခြေခံအချက်များတွင် တူညီမှုများရှိကြသော်လည်း ဝိသေသအားဖြင့် ဒေသတစ်ခုနှင့်တစ်ခု မတူညီသည့် ထူးခြားသော အခြေအနေများလည်း ရှိကြကြောင်း။

"ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံး တတ်နိုင်သမျှ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန်မှာ နယ်မြေအလိုက် ဖြစ်ပေါ်တည်ရှိနေသော ထူးခြားသည့် သဘာဝအခြေခံများကို မှန်မှန်ကန်ကန် ဖော်ထုတ်၍ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ရေမြေသဘာဝ သယံဇာတများ၏ အခွင့်အလမ်းပေးမှုများကို လူ့လုပ်အားဖြင့် မှန်မှန်ကန်ကန် ထိထိရောက်ရောက် ပေါင်းစပ်အသုံးချနိုင်မှသာ တိုးတက်ဖွံ့ဖြိုးမှု ရရှိမှာဖြစ်ကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းရင်းသားပြည်သူများသည် ဖြစ်ပျက်ပြောင်းလဲနေသော နိုင်ငံတကာရေးရာအခြေအနေနှင့် တိုးတက်ဖြစ်ပေါ်နေသော မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးရာ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ သုံးသပ်ဆင်ခြင် ရှုမြင်နိုင်စွမ်း ရှိသူများဖြစ်သည်။ ထို့ကြောင့်လည်း အမိပြည်ထောင်စုနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ရေးနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားရေးဘဝ သာယာဝပြောရေးကို အလေးထားကာ ကျရာအခန်းကဏ္ဍမှ ဘဝကိုယ်စီ၊ အလုပ်ကိုယ်စီဖြင့် စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်လျက်ရှိနေကြသည်။

မင်္ဂလာအပေါင်းနှင့်ခညောင်းနေသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုကာလအခါသမယ၌ နိုင်ငံတော်က ပြည်ထောင်စုကြီးနှင့်တိုင်းရင်းသားလူမျိုးများ၏အကျိုးကို ရှေးရှုပြီး တောင်ပေါ်မြေပြန့် တစ်တန်းတည်းထားကာ ကျေးသားရင်သား မခွဲခြားဘဲ ဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးအောင်၊ ကဏ္ဍအားလုံး ဟန်ချက်ညီတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးနေပုံများကို လေ့လာမှတ်သား အားမာန်ပွားနိုင်စေရန်အတွက် ပြည်နယ် ခုနစ်ခုကို မှတ်တမ်းပြု၍ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တစ်အူထုံ့ဆင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမများ လက်ရေတစ်ပြင်တည်း မှီတင်းနေထိုင်ရာ တိုင်း ခုနစ်တိုင်း၌လည်း သမိုင်းတစ်ခေတ် ထွန်းသစ်လျက် ရှိနေပုံများကို ၁၉၈၈ ခုနှစ်အထိ အခြေအနေနှင့် တပ်မတော်အစိုးရလက်ထက်အနေအထား နှိုင်းယှဉ်ချက်ဇယားများဖြင့် စစ်ကိုင်းတိုင်းမှ အစပြု၍ တင်ပြအပ်ပေသည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းသည် အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်း၊ တောင်ဘက်တွင် မန္တလေးတိုင်းနှင့် မကွေးတိုင်း၊ အနောက်ဘက်၌ ချင်းပြည်နယ်တို့နှင့် တစ်သွေးတည်းတစ်သားတည်း ဆက်စပ်တည်ရှိနေသည်။ စတုရန်း မိုင်ပေါင်း ၃၆၅၃၅ ကျယ်ဝန်းပြီး ဗမာ၊ ရှမ်း၊ နာဂ၊ ချင်းနှင့်ကဒူး၊ ကနန်း တိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၅၉၄၅၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၆၃ ယောက်ဖြစ်သည်။

မြောက်ပိုင်းတွင် တောင်များထူထပ်ပြီး မြင့်မားသည်။ တောင်ပိုင်း၌ တောင်တန်းငယ်များနှင့် လွင်ပြင်များရှိသည်။ အနောက်မြောက်ပိုင်း အိန္ဒိယနယ်စပ်တစ်လျှောက်တွင် ပေ ၁၀၀၀၀ ကျော်အထိ မြင့်သော ပတ်ကွိုင်တောင်တန်းနှင့် ပျမ်းမျှ ပေ ၈၀၀၀ခန့်အထိမြင့်သော နာဂတောင်တန်းများရှိသည်။ နာဂတောင်တန်းရှိ စာရာမေတိ တောင်ထွတ်သည် ၁၂၅၅၃ ပေမြင့်သည်။ ပုံညာတောင်တန်း၊ မင်းဝံတောင်တန်း စသည်ဖြင့် တောင်တန်းများလည်း ရှိသည်။ ဧရာဝတီ၊ ချင်းတွင်းနှင့် မူးမြစ်များ ဖြတ်သန်းစီးဆင်းပြီး မူးမြစ်ဝှမ်းလွင်ပြင်ဟုခေါ်သည့် ရွှေဘိုလွင်ပြင်မှာ အကျယ်ပြန့်ဆုံးဖြစ်ကာ ဟုမ္မလင်း၊ ကဘော်ချိုင့်ဝှမ်း၊ မြစ်သာမြစ်ဝှမ်း၊ မုံရွာပုလဲ၊ မဲဇာချိုင့်ဝှမ်းနှင့် ကသာ စသည့် လွင်ပြင်များမှာ ထင်ရှားသည်။

စိုက်ပျိုးရေး

စစ်ကိုင်းတိုင်းသည် ဧရာဝတီနှင့် ချင်းတွင်းမြစ်အကြား ရှည်လျားကျယ်ပြန့်စွာ တည်ရှိနေပြီး မြောက်ပိုင်း၌ တောင်ထူထပ်သည်။ တောင်ပိုင်း၌ ပူပြင်းခြောက်သွေ့ကာ ရေရှားပါးသော တိုင်းတစ်တိုင်းအဖြစ် ယခင်က တည်ရှိခဲ့သည်။ နှစ်စဉ်မိုးရွာရက် နည်းပါးသဖြင့် မိုးရာသီတွင်ပင် စိုက်ပျိုးရေ အလုံအလောက် မရရှိခဲ့ပေ။

ဤသို့သော ဒေသကို တပ်မတော်အစိုးရက အထက်မြန်မာပြည်၏ စပါးကျီအဖြစ် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲပေးလိုက်သည်။ မြေရိုင်းကိုထွင်၍ မြေယဉ်ဖြစ်အောင် ပုံဖော်ထုဆစ်ပေးသည်။ ရေရိုင်းကိုသင်၍ ရေယဉ်ဖြစ်အောင် ထိန်းကျောင်းပြုပြင်ပေးသည်။ လေထဲ၌ တိုက်အိမ်မဆောက်ဘဲ မြေပြင်၌ ဆည်တမံကြီးများ တည်ဆောက်သည်။ သဲထဲရေသွန်မဖြစ်စေရအောင် မိုးရွာတုန်းရေခံကာ ဆည်မြောင်းချောင်းကန်များကို ပြည့်လျှံဖြိုးမောက်စေသည်။

၁၉၈၈ခုနှစ်က စစ်ကိုင်းတိုင်း၌ စိုက်ပျိုးမြေဧက ၃၇ သိန်းကျော်သာရှိခဲ့သည်။ ယခု စိုက်ပျိုးမြေဧက လေးသိန်းနီးပါးတိုးကာ ဧက ၄၁ သိန်းကျော် ရှိလာသည်။ စိုက်ပျိုးမြေတိုးလာရုံသက်သက်ဖြင့်တော့ အရှိန်အဟုန်ဖြင့် မတိုးတက်နိုင်။ သီးနှံစိုက်ဧရိယာ တိုးပွားအောင် ကြိုးစားအားထုတ် လုပ်ဆောင်ရဦးမည်။ ယခင် ခေတ်အဆက်ဆက် နှစ်ပေါင်း ၁၀၀ကျော် သက်တမ်း၌ ဆည်တမံဟူ၍ စစ်ကိုင်းတိုင်း၌ ရှိစုမဲ့စု ၁၆ ခုသာရှိခဲ့သည်။

တပ်မတော်အစိုးရလက်ထက်၌ မြေအောက်ရေဖြင့် စိုက်ပျိုးရေး စီမံကိန်း၊ စေတီရေလွှဲဆည်၊ လက်ယက်မရေလှောင်တမံ၊ ဝက်ရှု ရေလွှဲဆည်၊ တုံးကျော် ရေလွှဲဆည်၊ နွယ်ခွေ ရေလှောင်တမံ၊ ရေဦးဆည်မြောင်း၊ သာစည် ရေလှောင်တမံ၊ ရွာသာယာ (၉၉)ကန် ရေလျှံတွင်း၊ ထန်းဇလုတ် ရေလှောင်တမံ၊ ကင်းတပ် ရေထိန်းတမံ၊ ကျေးပင်အက် ရေလှောင်တမံ၊ လက်ပန် ရေလှောင်တမံ၊ ငွေသာ ရေလှောင်တမံ နှင့် ဆားလင်းကြီး ရေလှောင်တမံ ဟူ၍ ဆည်တမံ စီမံကိန်း (၁၈)ခု တစ်ခုပြီး တစ်ခု ပေါ်ထွန်းလာသည်။ စိုက်ပျိုးမြေဧကပေါင်း ၃၆၉၉၄၄ ဧကကို တစ်နှစ်ပတ်လုံး ရေရအောင် အကျိုးပြုနေပြီဖြစ်၍ ယခင်သီးထပ်ဧက လေးသိန်းခွဲရှိရာမှ ယခု ၁၀သိန်းကျော် တိုးပွားကာ သီးထပ်ဧက ၁၅ သိန်းနီးပါး မြင့်မားခဲ့သည်။

မြန်မာနိုင်ငံ၌ မည်သည့်ခေတ် အခါကမျှ မရှိခဲ့ဖူးသော မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ စစ်ကိုင်းတိုင်း၌လည်း တိုးပွားလာသည်။ လက်ရှိ ဆောင်ရွက်ပြီး စီမံကိန်း ၄၉ ခု၊ ဆောင်ရွက်ဆဲစီမံကိန်း ခုနစ်ခု၊ ဆောင်ရွက်ပေးမည့်စီမံကိန်း လေးခုဖြင့် စစ်ကိုင်းတိုင်းမှ မြစ်ရေသောက် စိုက်ပျိုးဧက နှစ်သိန်းသည် တစ်နှစ်ပတ်လုံး စိမ်းလန်းဝေဆာလာသည်။

စစ်ကိုင်းတိုင်း၏ ဂုဏ်ကို ဆောင်ပြီး ပြည်ထောင်စုကြီး၏ ဂုဏ်ဒြပ်ကို ထင်ဟပ်ဖော်ပြနေသည့် သဖန်းဆိပ် ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၁ ခုနှစ် ဧပြီလ ၁၇ ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် တိုင်းရင်းသားပြည်သူများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တက်ရောက် အားပေးချီးမြှင့်ခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက–

"သဖန်းဆိပ်ရေလှောင်တမံ စီမံကိန်းအဖြစ် လေ့လာတိုင်းတာ ဖော်ထုတ်ခဲ့သည်မှာ နှစ်ပေါင်း လေးဆယ်ကျော် ကြာမြင့်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် စီမံကိန်းကြီးကို လက်တွေ့အကောင် အထည်ဖော် တည်ဆောက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ မိမိတို့လက်ထက်၌ မဖြစ်မနေ ဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် နှစ်လေးဆယ်ကျော်ခဲ့သည့် အိပ်မက်တစ်ခုကို လက်တွေ့ရုပ်လုံးပေါ်လာအောင် အကောင်အထည်ဖော်လိုက်ပြီဖြစ်ကြောင်း၊ သဖန်းဆိပ် ရေလှောင်တမံ တည်ဆောက်လိုက်ခြင်းဖြင့် ဒေသခံ တောင်သူလယ်သမားများသည် တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ လည်းကောင်း ကူးပြောင်းရောက်ရှိပြီး လူနေမှုဘဝအဆင့်အတန်း တဖြည်းဖြည်း မြင့်မားလာမည် ဟူသော ယုံကြည်ချက်ဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း"

နှုတ်ခွန်းဆက်စကား မြွက်ကြားခဲ့သည်။

နိုင်ငံတော် အကြီးအကဲ မိန့်ကြားခဲ့သည့် အဆိုပါစကားသည် တပ်မတော်အစိုးရ၏ တည်ဆောက်ရေး သန္နိဋ္ဌာန်၊ နိုင်ငံနှင့်ပြည်သူများ အကျိုးစီးပွားအတွက် ထားရှိသော စေတနာခံယူချက်၊ အနာဂတ်အရေး ကြိုတင်မျှော်တွေး ဖော်ဆောင်ပေးမှုများကို အထင်အရှား ဖွင့်ဆိုသွားခြင်းပင်ဖြစ်သည်။

သဖန်းဆိပ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစား၊ တမံအမြင့် ၁၀၈ ပေ၊ တမံအလျား ၂၂၅၈၇ ပေ (လေးမိုင်ကျော်)ရှည်လျားပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး၊ အရှေ့တောင်အာရှ၌ တမံအလျား အရှည်လျားဆုံး ဆည်တမံကြီးဖြစ်သည်။ ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်နှင့် အရာတော်မြို့နယ်များရှိ စိုက်ပျိုးမြေ ဧက ငါးသိန်းကျော်ကို တစ်နှစ်ပတ်လုံး သီးနှံများဖြင့် စိမ်းလန်းနေစေရန် စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

တပ်မတော်အစိုးရလက်ထက်တွင် ဆည်ရေ ဝသထက်ဝ၍ လယ်မြေလုသထက် လုလာသော အထက်မြန်မာပြည်၏ စပါးကျီ စစ်ကိုင်းတိုင်း၏ မြေကြီးမှ ရွှေသီးပေးနေပုံ အလုံးစုံကို အောက်ပါစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက အနှစ်ချုပ်၍ ဖော်ပြနေပေသည်–

တစ်ဧကအထွက်နှုန်း–တင်း　　　စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၃၇၂၁၁၄၅	၄၁၀၄၉၀၈	၃၈၃၇၆၃
– မြေလွတ်မြေရိုင်းဧက	၉၈၉၀၆၇	၄၀၉၈၁၁	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၁၆	၃၉	၂၃
– ဆောင်ရွက်ပြီးလုပ်ငန်း	၁၆	၃၄	၁၈
– ဆောင်ရွက်ဆဲလုပ်ငန်း *	မရှိ	၃	၃
– ဆောင်ရွက်မည့်လုပ်ငန်း *	မရှိ	၂	၂
– မြစ်ရေတင်လုပ်ငန်း	မရှိ	၆၀	၆၀
– ဆောင်ရွက်ပြီးလုပ်ငန်း	မရှိ	၄၉	၄၉
– ဆောင်ရွက်ဆဲလုပ်ငန်း	မရှိ	၇	၇
– ဆောင်ရွက်မည့်လုပ်ငန်း	မရှိ	၄	၄
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၁၁၁၇	၁၁၁၇
– မြေအောက်ရေတွင်းများ	မရှိ	၂၈၀၅	၂၈၀၅
– စုစုပေါင်းအကျိုးပြုဧက	၄၂၀၄၃၄	၁၂၄၈၇၇၄	၈၂၈၃၄၀
သီးထပ်ဧကဖြစ်ထွန်းမှု	၄၅၆၀၅၉	၁၄၇၈၉၃၆	၁၀၂၂၈၇၇
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၁၀၃၉၅၀၂	၁၆၁၁၃၂၁	၅၇၁၈၁၉
– တစ်ဧကအထွက်နှုန်း*	၅၅.၆၁	၆၈.၂၉	၁၂.၆၈
– နွေစပါးစိုက်ဧက	မရှိ	၃၇၅၀၀	၃၇၅၀၀
– တစ်ဧကအထွက်နှုန်း*	မရှိ	၈၀.၀၀	၈၀.၀၀
– စုစုပေါင်းထုတ်လုပ်မှု	၅၂၈၀၂	၁၃၁၉၆၉	၇၉၁၆၇
– ဒေသဝမ်းစာဖူလုံမှု	–	၁၄၂%	၁၄၂%
ပဲမျိုးစုံစိုက်ဧကတိုးတက်မှု	၄၇၆၁၇၇	၁၇၇၂၀၉၁	၁၂၉၅၉၁၄
ဝါစိုက်ဧကတိုးတက်မှု	၉၄၉၈၂	၁၂၉၃၃၁	၃၄၃၄၉
ကြံစိုက်ဧကတိုးတက်မှု	၂၇၉၆	၁၂၀၈၉၄	၁၁၈၀၉၈
အစေ့ထုတ်ပြောင်းဧကတိုးတက်မှု	၉၁၂၂၃	၁၃၇၉၇၅	၄၆၇၅၂
လက်ဖက်စိုက်ဧကတိုးတက်မှု	၄၉၉၇	၈၅၄၆	၃၅၄၉
ဆီထွက်သီးနှံစိုက်ဧကတိုးတက်မှု			
– မြေပဲ	၂၈၄၆၆၂	၄၅၅၀၆၃	၁၇၀၄၀၁
– နှမ်း	၆၈၆၆၃၂	၈၆၂၄၆၁	၁၇၅၈၂၉
– နေကြာ	၇၃၂၃၉	၃၄၂၁၂၀	၂၆၈၈၈၁
– မုန်ညင်း	၁၃၂၄၆	၂၆၇၈၀	၁၃၅၃၄
– ပန်းနှမ်း	၂၂၇၂၄	၇၀၇၈၉	၄၈၀၆၅

* **ဆောင်ရွက်ဆဲရေလှောင်တမံများ–** ၁။ ရာဇဂြိုဟ် ဧက ၆၅၀၀ (ကလေး) ၂။ ဖောင်းကတော ဧက ၁၀၀၀ (ဆားလင်းကြီး) ၃။ အိုင်ယား ဧက ၇၅၀ (အရာတော်)

* **ဆောင်ရွက်မည့်ရေလှောင်တမံများ–** ၁။ ခက်လုံ(မြောက်) ၂။ အရာတော်

မွေးမြူရေးနှင့်ရေလုပ်ငန်း

တပ်မတော်အစိုးရသည် မြန်မာနိုင်ငံ၌ နောင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ ကျော်၏ အရေးကိုပါ မျှော်တွေးပြီး ရေခံမြေခံ အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးနေသော အစိုးရဖြစ်သည်။ အထက်မြန်မာပြည်၏ စပါးကျီဖြစ်အောင် စစ်ကိုင်းတိုင်းကို ပုံဖော်ဖန်တီးပေးသကဲ့သို့ ကိုယ့်အားကိုယ်ကိုးနိုင်သည့် ဟင်းအိုးကြီးဖြစ်အောင်လည်း စီမံဆောင်ရွက်ပေးနေသည်။

သား၊ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးရန်၊ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ ဇောက်ချဆောင်ရွက်ရန်၊ ဧရာဝတီမြစ်ထဲသို့ ငါးမျိုးများ စိုက်ထည့်ထားရန်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၈၈ ခုနှစ်ထက် ခုန်ပျံကျော်တက်နေသော စစ်ကိုင်းတိုင်း၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကို အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်ပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
တိရစ္ဆာန်တိုးချဲ့မွေးမြူမှု(သိန်း)	၅၅.၆၉	၁၀၇.၂၀	၅၁.၅၁
ငါး၊ပုစွန်တိုးချဲ့မွေးမြူမှု			
– ငါးမွေးမြူရေးကန်ဧက	၅၃၈.၆၉	၄၂၂၀.၁၃	၃၆၈၁.၄၄
– စပါး၊ငါးတွဲဖက်စိုက်ပျိုးမှု	မရှိ	၄၉၀.၂၀	၄၉၀.၂၀
– ကောင်ရေ(သိန်း)	မရှိ	၂.၄၅	၂.၄၅
– **ငါးမျိုးထုတ်လုပ်ဖြန့်ဖြူးမှု**			
– ထုတ်လုပ်မှု(သိန်း)	၁၀.၀၀	၂၉၀.၄၉	၂၈၀.၄၉
– မျိုးစိုက်မှု(သိန်း)	၆.၆၃	၂၀၄.၉၉	၁၉၈.၃၆
– ရောင်းချမှု(သိန်း)	၃.၃၇	၈၅.၅၀	၈၂.၁၃
ဧရာဝတီမြစ်ထဲငါးမျိုးထည့်မှု(သိန်း)	မရှိ	၁၇၂.၀၀	၁၇၂.၀၀

သစ်တောပြုစုပျိုးထောင်မှု

"ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြု ဆက်စပ်လျက်

စာမျက်နှာ ၁၀ ကော်လံ ၁

8-2 (08).p65 8 3/24/05, 11:55 PM



၁၉၈၈ ခုနှစ်နောက်ပိုင်း

စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

စစ်ကိုင်းတိုင်း ရွှေဘို ခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ရွာ အနီးတွင် တည်ဆောက်ပေး ထားသည့် သဖန်းဆိပ် ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



(၁၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

မုံရွာလေဆိပ် အဆောက်အအုံ

သွားလာဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးအတွက် ပို့ဆောင် ရေးဝန်ကြီးဌာနက စစ်ကိုင်းတိုင်း မုံရွာမြို့တွင် အသစ် တည်ဆောက် ဖွင့်လှစ်ပေးထားသော မုံရွာလေဆိပ် အဆောက်အအုံသစ်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)



ချင်းတွင်းတံတား(မုံရွာ)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်တွင် ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသော အရှည်ပေ ၄၃၂၀ ရှိသည့် ချင်းတွင်း တံတား(မုံရွာ)ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၈ မှ

ရှိသည်။ နိုင်ငံ၏သဘာဝပတ်ဝန်းကျင် သဃံဇာတမပျက်စီးအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်မှသာ တိုင်းပြည်ကြွယ်ဝချမ်းသာရေးကို ဦးတည်ဆောင်ရွက်နိုင်မည်။ သစ်တောများ မပြုန်းတီးစေရန်အတွက် ပရမ်းပတာ သစ်ခုတ်မှုများမရှိအောင် တားဆီးကာကွယ်သွားရမည် ဖြစ်သကဲ့သို့ သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုပျိုးထောင်ရေးကိုလည်း ဆောင်ရွက်သွားရမည်။"

နိုင်ငံတော်အကြီးအကဲ၏ ဖော်ပြပါ လမ်းညွှန်ချက်နှင့်အညီ စစ်ကိုင်းတိုင်း၌ သစ်တောပြုစုပျိုးထောင်မှုကို နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်ကိုင်းတောင်၌ ကွက်လပ်မကျန် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြီး မင်းဝံတောင် စိမ်းလန်းစိုပြည်ရေးကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်အစိုးရ၏ အထူးစီမံကိန်းကြီးတစ်ခုဖြစ်သော ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးကို စစ်ကိုင်းတိုင်းမှ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက အလေးထားကာ ဥစ္စာရင်လိုဥစ္စာရင်ခဲ ဆောင်ရွက်နိုင်ခဲ့ကြောင်း အောက်ပါ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားနှစ်ခုက ပြဆိုနေပေသည်–

သစ်တောပြုစုထိန်းသိမ်းမှု ** စတုရန်းမိုင်*

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၉၀၆၁	၉၄၉၀	၄၂၉
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၄၄၅	၁၄၄၅
သဘာဝနယ်မြေဧရိယာ*	၁၀၁၃.၈၉	၂၀၈၆.၄၈	၁၀၇၂.၅၉
စိုက်ခင်းထူထောင်ခြင်း(ဧက)	၆၈၁၄	၁၃၈၄၀၅	၁၃၁၅၉၁
– ကျွန်းအထူးစိုက်ခင်းဧက	မရှိ	၁၁၀၀၀	၁၁၀၀၀
– စီးပွားရေးစိုက်ခင်းဧက	၄၈၅၀	၆၄၉၈၅	၆၀၁၃၅
– ကျေးရွာသုံးစိုက်ခင်းဧက	၁၃၆၄	၃၃၅၉၅	၃၂၂၃၁
– စက်မှုကုန်ကြမ်းစိုက်ခင်းဧက	မရှိ	၃၅၅၀	၃၅၅၀
– ရေဝေရေလဲစိုက်ခင်းဧက	၆၀၀	၂၅၂၇၅	၂၄၆၇၅
သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၁၅၀၀	၁၅၀၀
လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်း*	၀.၅၅	၁၅.၀၅	၁၄.၅၀

စိမ်းလန်းစိုပြည်ရေး ** အပင်(သန်း)*

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စိုက်ခင်းတည်ထောင်ခြင်း(ဧက)	မရှိ	၄၁၉၃၄	၄၁၉၃၄
– သစ်ထင်းစိုက်ခင်းဧက	မရှိ	၂၀၈၆၀	၂၀၈၆၀
– ရေဝေရေလဲစိုက်ခင်းဧက	မရှိ	၆၄၅၀	၆၄၅၀
– တောင်တန်းစိုက်ခင်းဧက	မရှိ	၄၈၅၀	၄၈၅၀
– သုတေသနစိုက်ခင်းဧက	မရှိ	၁၀၄	၁၀၄
– အခြားစိုက်ခင်းဧက	မရှိ	၈၁၇၀	၈၁၇၀
– သစ်ဆိမ့်စိုက်ခင်းဧက	မရှိ	၁၅၀၀	၁၅၀၀
သဘာဝတောထိန်းသိမ်းမှုဧက	မရှိ	၂၉၁၀၀၀	၂၉၁၀၀၀
ထင်းအစားထိုးလောင်စာသုံးစွဲမှု			
– စွမ်းအားမြင့်မီးဖို	မရှိ	၈၆၂၇၇	၈၆၂၇၇
– လောင်စာတောင့်	မရှိ	၈၂၁၄	၈၂၁၄
– စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း(တန်)	မရှိ	၁၈၂၇၀	၁၈၂၇၀
ရေရရှိရေးဆောင်ရွက်မှု			
– ရေကန်ငယ်	မရှိ	၃၅၁	၃၅၁
– နုံးတားဆည်	မရှိ	၂၆၅	၂၆၅
– မြေအောက်ရေတူးဖော်ခြင်း	မရှိ	၁၆	၁၆

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

နယ်မြေကျယ်ဝန်းပြီး တောင်ကုန်းထူထပ်ကာ မြစ်ချောင်းများပြားသော စစ်ကိုင်းတိုင်း၏ ယခင်က လမ်းတံတား အနေအထားမှာ စမ်းတဝါးဝါး အရှည် အလျားမျှသာဟု ဆိုရမည်။ တပ်မတော်အစိုးရ လက်ထက်တွင် စစ်ကိုင်း–မုံရွာလမ်း၊ မုံရွာ–ကလေးလမ်း၊ တကောင်း–ရွှေကူလမ်း၊ တမူး–စေတီလမ်း၊ ခန္တီး–လဟယ်လမ်း(၅၆မိုင်)၊ ထမံသီ–လေရှီးလမ်း(၄၁မိုင်)၊ ကလေးဝ–မုံရွာလမ်း(၁၁၅မိုင်)၊ ရွှေဘို–မြစ်ကြီးနားလမ်းပိုင်းမှ ကျေးပင်အက်ရေလှောင်တမံ ရှောင်ကွင်းလမ်း (၁၀မိုင် ၃ဖာလုံ)စသည်တို့ကို တိုးချဲ့ပြုပြင် အဆင့်မြှင့်တင်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်က လမ်းမိုင် ၁၃၃၂ မိုင်သာရှိခဲ့ရာ ယခုအခါ လမ်းမိုင် ၈၀၀ နီးပါးတိုးလာပြီး ၂၁၃၂ မိုင်အထိ ရှိနေသည်။ ထိုအထဲတွင် ကတ္တရာလမ်း ၁၀၃၈ မိုင် ပါဝင်သည်။ ယခင်က ညအိပ်ရက်ရှည် သွားရသော ကားလမ်းခရီးစဉ်ကို ယခု ချောမွေ့လျင်မြန်စွာ ခရီးနှင်နိုင်ခဲ့ပြီဖြစ်သည်။

မျက်မှောက်ခေတ်၌ စစ်ကိုင်းတိုင်း၏ လမ်းအလျား ကျယ်ပြန့်ရှည်လျားလာသည့်နည်းတူ တံတားများလည်း ကွင်းဆက်မပြတ် ထပ်ဆင့်ဖြစ်ထွန်းနေသည်။ ယခင်က ပေ ၁၈၀ အထက် တံတား ၁၇ စင်းသာ ရှိခဲ့သည်။ ယခုအခါ ၄၆၅ ပေရှည်သည့် မဲဇာတံတား(အင်းတော်)၊ ပေ ၂၃၃၀ ရှည်သည့် ရွှေလီတံတား(ကသာ)၊ ၄၇၃၀ဒသမ၂ပေရှည်သည့် ချင်းတွင်းတံတား(မုံရွာ)၊ ၁၃၂၀ ပေရှည်သည့် မြစ်သာတံတား(ကလေးဝ)နှင့် ၄၉၅၇ ပေရှည်သည့် ဆင်ဖြူရှင်တံတား (ချောင်းဦး)ဟူသည့် အထူးစီမံကိန်းတံတားကြီး ငါးစင်း အပါအဝင် ပေ ၁၈၀ အထက် တံတား ၁၂ စင်းကို နိုင်ငံတော်က တည်ဆောက်ပေးထားသည်။ တမူးမြို့နယ် တမူး–စေတီလမ်းပေါ်၌ ဖိုင်းလင်းတံတားနှင့် ကံကြီးဝတံတား၊ ဟုမ္မလင်း မြို့နယ် သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းပေါ်ရှိ ဥရုတံတားတို့ကို တည်ဆောက်ပေးနေသည်။ ဆက်လက်၍ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းပေါ်၌ ယက်ဖချောင်းတံတား(၄၀၈ပေ)နှင့် ခန္တီး–လဟယ် လမ်းပေါ်၌ နမ့်စလိန်တံတား(ပေ၃၂၀)တို့ကို တည်ဆောက်ပေးသွားဦးမည်ဖြစ်သည်။

စစ်ကိုင်းတိုင်း၌ တပ်မတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် တံတားကြီးများအကြောင်း လေ့လာလျှင် မြန်မာနိုင်ငံ၏ မြစ်ကြီးတစ်စင်းဖြစ်သည့် ချင်းတွင်းမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားကြီးနှစ်စင်းအကြောင်းကို အထူးပြုတွေ့ရှိရမည်ဖြစ်သည်။ ၁၉၈၈ ခုနှစ် ကာလအထိ ချင်းတွင်းမြစ်ပေါ်၌ တံတားတစ်စင်းမျှမရှိသဖြင့် ဆက်သွယ် သွားလာမှုခက်ခဲကာ ချင်းတွင်းမြစ်ကိုပင် အပြစ်တင်ရမလို ဖြစ်ခဲ့သည်။

မျက်မှောက်ခေတ်၌ တိုင်းရင်းသားပြည်သူများကို မောင်တစ်ရွာ မယ်တစ်မြို့ မခြားရအောင်၊ တစ်ကျွန်းစီနေ တစ်မြေစီ မဝေးရအောင် နိုင်ငံတော်က လမ်းတံတားအစင်းစင်းကို ပန်းအလားခင်းပေးလျက်ရှိသည်။ ထို့ကြောင့် မြန်မာတို့၏ မြစ်တစ်စင်းဖြစ်သည့် ချင်းတွင်းပေါ်ဝယ် ငွေသားတဝင်းဝင်းဖြင့် ရွှေတံတားကြီးနှစ်စင်း ဖြစ်ထွန်းတည်ရှိလာသည်။

မုံရွာမြို့နယ်၌ ချင်းတွင်းတံတားကြီးဟု အမည်တွင်ပြီး ချောင်းဦးမြို့နယ်၌ ဆင်ဖြူရှင်တံတားကြီးဟူ၍ အမည်ပေးထားသည်။ ဆင်ဖြူရှင်တံတားကြီးသည် နိုင်ငံတော်က စစ်ကိုင်းတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းပေးခဲ့သည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းကြောင်းပေါ်၌ တည်ရှိသည်။

ချောင်းဦး–ကလေး ရထားလမ်းသစ်သည် စစ်ကိုင်းတိုင်းအတွင်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့ကို ဆက်စပ်ပေးထားသည်။ ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးဒေသနှင့် ချင်းပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ပေးခြင်းဖြစ်သည်။ ချောင်းဦးမှ ကလေးအထိ ရထားလမ်း အရှည် ၂၇၇ဒသမ ၃၄မိုင်ရှိသည်။ ချောင်းဦးမှ ကျောအထိ ၁၄၆မိုင်ကို ၁၉၉၇ခုနှစ် ဧပြီလကလည်းကောင်း၊ ကလေးမှ ရေမျက်နီအထိ ၁၀၅ ဒသမ ၃၄ မိုင်ကို ၁၉၉၇ ခုနှစ် ဇူလိုင်လကလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ရာ ဘူတာပေါင်း ၇၀ ပါဝင်သည်။ ရေမျက်နီ–ကျောရထားလမ်းပိုင်း ၂၆ မိုင်ကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်သည်။ ထိုလမ်းပိုင်းတွင် ၅၆၁၀ ပေရှိ ပုံညာတောင် ဥမင်တူးဖော်ခြင်းလုပ်ငန်းကိုလည်း အခက်အခဲများကို ကျော်ဖြတ်လျက် ဆောင်ရွက်ပေးနေသည်။

အလားတူ ဘုတလင်–ရေဦးရထားလမ်းဟောင်းကို ပြန်လည်ပြုပြင်ပြီး ခင်ဦးအထိ တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ မူးမြစ်ကို ဖြတ်သန်းရန်အတွက် အရှည် ၂၁၂၅ ပေရှိ မူးမြစ်တံတားကိုလည်း တည်ဆောက်ပေးခဲ့သည်။ ဤရထားလမ်းဖြင့် မန္တလေး–မြစ်ကြီးနားရထားလမ်းနှင့် စစ်ကိုင်း–မုံရွာရထားလမ်းတို့ကို အရှေ့နှင့်အနောက် ဆက်စပ်ပေးလိုက်ခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း၌ နိုင်ငံတော်က ပြည်ထောင်စုကြီး၏ အသက်သွေးကြောသဖွယ်ဖြစ်သော လေယာဉ်ကွင်းသစ်၊ ရထားလမ်းသစ်၊ ကားလမ်းသစ်နှင့် တံတားအသစ်များကို အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး အားသစ်လောင်းပေးလျက်ရှိရာ ယခင်နှင့်မတူ ယနေ့ တစ်မူထူးခြားနေပြီး နောင်တွင် ပိုမိုဆန်းပြားသော လမ်းတံတားအသစ်များဖြင့် ထပ်ဆင့်မြင့်မား ထင်ရှားပေါ်လွင်လာဦးမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုပေသည်။

အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ နိုင်ငံဖြတ်ကျော်ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးများကို ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းနှင့်ပြည်နယ်အသွယ်သွယ်ကို ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဖြင့် ပြည့်လျှမ်းနေသော စစ်ကိုင်းတိုင်း၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေပြဇယားကို အောက်ပါအတိုင်း အားပါးတရ တွေ့ရှိရမည်ဖြစ်သည်။

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ကားလမ်းများတိုးချဲ့ဖောက်လုပ်မှု (မိုင်)	**၁၃၃၂/၀**	**၂၁၃၁/၅**	**၇၉၉/၅**
– ကတ္တရာလမ်းမိုင်	၃၄၅/၀	၁၀၃၇/၇	၆၉၂/၇
– ကျောက်ခင်းလမ်းမိုင်	၁၅၀/၀	၃၃၀/၆	၁၈၀/၆
တံတားများတိုးချဲ့တည်ဆောက်မှု			
– ပေ(၁၈၀)အထက်တံတား	၁၇	၃၄	၁၇
– ပေ(၁၈၀)အောက်တံတား	၆၉၄	၉၆၁	၂၆၇
ရထားပို့ဆောင်ရေး			
– ရထားလမ်းခရီးမိုင်	၃၁၆.၅၀	၄၂၀.၆၃	၁၀၄.၁၃
– သံလမ်းမိုင်	၃၅၀.၁၁	၄၆၀.၅၉	၁၁၀.၄၈
– ခရီးသည်ဦးရေ	၅၂၁၁၆၀၀	၅၅၅၆၆၀၀	၃၄၅၀၀၀
– ခရီးသည်မိုင်	၃၈၁၉၀၅.၉	၃၉၂၃၀၈.၈	၁၀၄၀၂.၉
– ကုန်တန်ချိန်	၁၇၆၁၀၀	၂၉၁၃၀၀	၁၁၅၂၀၀
– ကုန်တန်မိုင်	၂၆၁၃၈.၅	၄၆၉၇၆.၆	၂၀၈၃၈.၁
– ဘူတာရုံ	၆၂	၇၉	၁၇
လေကြောင်းပို့ဆောင်ရေး			
– လေယာဉ်ကွင်းများ	၇	၇	–
– ပြေးလမ်းပေ(၅၀၀၀)အထက်	၁	၄	၃
– ပြေးလမ်းပေ(၅၀၀၀)အောက်	၆	၃	အဆင့်မြှင့်တင်

ဆက်သွယ်ရေးကဏ္ဍ

စစ်ကိုင်းတိုင်း၏ ဆက်သွယ်ရေးကဏ္ဍကလည်း အခြားကဏ္ဍများနှင့် ဟန်ချက်ညီညီ အချိုးကျကျ တိုးတက် လှုပလျက်ရှိနေသည်။ ပြည်တွင်းပြည်ပ ဆက်သွယ်နိုင်သည်သာမက ကျေးလက်ဒေသအထိ ရောက်ရှိထွန်းကားနေသော စစ်ကိုင်းတိုင်း၏ ဆက်သွယ်ရေးစွမ်းအား ပိုမိုမြင့်မားအောင် နိုင်ငံတော်က အထက်တစ်ဖက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ပေးထားသည်–

** (လူ၁၀၀၀လျှင်)*

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၁၅၈	၁၅၇	–
ကြေးနန်းရုံး	၃၂	၄၅	၁၃
ဖက်စ်စီမီလီ	၁	၅၃	၅၂
ကွန်ပျူတာကြေးနန်း	မရှိ	၈	၈
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၂၃	၈၁	၅၈
– လိုင်းအင်အား	၂၀၄၀	၁၇၅၉၈	၁၅၅၅၈
– အိတ်ချိန်း	၂၃	၆၂	၃၉
– တိုက်ရိုက်လိုင်း	၁၈၄၂	၁၅၈၁၆	၁၃၉၇၄
– အော်တို/လက်သုံးတယ်လီဖုန်း	၁၈၄၂	၁၅၃၄၆	၁၃၅၀၄
– အော်တိုရေဒီယိုတယ်လီဖုန်း	မရှိ	၁၁၄	၁၁၄
– CDMA တယ်လီဖုန်း	မရှိ	၉၃	၉၃
– DECT တယ်လီဖုန်း	မရှိ	၂၆၃	၂၆၃
– တယ်လီဖုန်းသိပ်သည်းဆ	၀.၄၂	၂.၇၅	၂.၃၃
မိုက်ကရိုဝေ့ဗ်စခန်း	၄	၂၂	၁၈
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၁၉	၁၉
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– DOMSAT	မရှိ	၂	၂
– iPSTAR	မရှိ	၄	၄

ဆောင်ရွက်ဆဲနယ်အော်တိုအိတ်ချိန်းစီမံကိန်း–

၁။ မုံရွာ(တိုးချဲ့) လိုင်းအင်အား(၂၅၆) ၂။ တမူး လိုင်းအင်အား(၇၅၀) ၃။ ဝန်းသို လိုင်းအင်အား(၄၀၀)

လျှပ်စစ်စွမ်းအား

တပ်မတော်အစိုးရ၏ မြေတောင်မြှောက်ပေးမှုကြောင့် ဘက်စုံကဏ္ဍစုံ တိုးတက်နေသော စစ်ကိုင်းတိုင်းကို လျှပ်စစ်စွမ်းအားဖြင့် ပြည်ထောင်စုကြီး ထွန်းကားအောင် စွမ်းအားဆောင်ပေးမည့် သားကောင်းတစ်ယောက်၊ကျောက်ကောင်းတစ်စေ့ ဖြစ်စေရန် ဆက်လက်စီမံဖန်တီးပေးနေသည်။

စစ်ကိုင်းတိုင်း၏ ၁၉၈၈ခုနှစ်က လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ ယူနစ်သန်းပေါင်း ၈၇ သန်းကျော်သာ ရှိခဲ့သည်။ ထိုစဉ်က စစ်ကိုင်းတိုင်းအတွင်း၌ ရေအားလျှပ်စစ်စက်ရုံဟူ၍ တစ်ရုံမျှ မရှိခဲ့ပေ။ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် နဂိုရှိသော စစ်ကိုင်းတိုင်းကို နားကိုင်းထွက်အောင် ဖော်ဆောင်ပေးခဲ့သည်။ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်ပေးနိုင်သည့် သဖန်းဆိပ်ရေအား လျှပ်စစ်စက်ရုံ၊ ၁ဒသမ၂၆မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် ဇီးချောင်းရေအားလျှပ်စစ်စက်ရုံနှင့် မဂ္ဂါဝပ် ၀ဒသမ၀၅ ထုတ်လုပ်ပေးနိုင်သည့် လဟယ်ရေအားလျှပ်စစ်စက်ရုံများ ပေါ်ထွန်းလာသည်။ စစ်ကိုင်းတိုင်းမှ တိုင်းရင်းသားမိသားစုများကို လျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၂၉၇ဒသမ၃၃အထိ တိုးတက်သုံးစွဲနိုင်စေခဲ့သည်။

၁၉၈၈ ခုနှစ်က စက်တပ်ဆင်အင်အား ၁၁ဒသမ၈၈၈ မဂ္ဂါဝပ်သာ ရှိခဲ့ရာမှ ယခု စက်တပ်ဆင်အင်အား ၃၈ ဒသမ ၈၃၇အထိ ရှိလာသည်။ ထိုပမာဏသည် စစ်ကိုင်းတိုင်း အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံးအပေါ် ထားရှိသော တပ်မတော်၏ စေတနာသဒ္ဓါတရားနှင့် နှိုင်းဆလျှင် သာမညသာ ဖြစ်ပေဦးမည်။

တပ်မတော်အစိုးရသည် နိုင်ငံအကျိုးသယ်ပိုးရာ၌ အရောင့်အရဲမရှိ၊ ပြည်သူကို အလုပ်အကျွေးပြုရာ၌ အတင်းအတိမ်မရှိဟု ဆိုရပါလိမ့်မည်။

မကြာမီ ထမံသီနှင့် ပြည်မြန်မာကို နေပမာ ဝေဆာပေးမည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း ညီနောင် နှစ်ဖော် စစ်ကိုင်းတိုင်းမှ ပေါ်ထွန်းလာပါတော့မည်။ ထမံသီအကြီးစား ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်ပေးမည်ဖြစ်ပြီး ရွှေစာရေး အကြီးစားရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၆၆၀ ထုတ်လုပ်ပေးဦးမည်ဖြစ်သည်။

အသီးတစ်ရာအညှာတစ်ခု မဏ္ဍိုင်ပြုထားသော ပြည်ထောင်စုကြီး၌ ပြည်ထောင်စုငယ်တစ်ခုအသွင် ပါဝင် တည်ရှိနေသည့် စစ်ကိုင်းတိုင်းကို အခြားညီနောင် ပြည်နယ်၊တိုင်းများနည်းတူ သန်မာထွားကျိုင်းပြီး နိုင်ငံတကာ အလယ်၌ ဂုဏ်တင့်တယ်စေရန်အတွက် နိုင်ငံတော်က အားပေးချီးမြှောက် မြေတောင်မြှောက်လျက်ရှိပုံကို အောက်ပါလျှပ်စစ်စွမ်းအား အခြေပြဇယားက စကားသက်သေဆိုနေပေသည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း) ** မဂ္ဂါဝပ်*

အမျိုးအမည်	၁၉၈၈	၁၂–၂–၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၈၇.၅၇၈	၂၉၇.၃၃၀	၂၀၉.၇၅၂
အမြင့်ဆုံးဝန်အား*	၇.၅၀၀	၃၃.၀၀၀	၂၅.၅၀၀
လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– တည်ဆောက်ပြီးရေအား လျှပ်စစ်စီမံကိန်း	မရှိ	၃	၃
– တည်ဆောက်ဆဲရေအား လျှပ်စစ်စီမံကိန်း	မရှိ	၂	၂
– ဒီဇယ်ဆီသုံးစက်ရုံ	၉၂	၅၉	မဟာဓာတ်အားတိုး
လက်ရှိစက်တပ်ဆင်အင်အား*	၁၁.၈၈၈	၃၈.၈၃၇	၂၆.၉၄၉
ရှိလာမည့်စက်တပ်ဆင်အင်အား*	၁၁.၈၈၈	၁၈၉၈.၈၃၇	၁၈၈၆.၉၄၉

စက်မှုလက်မှု

စက်မှုစွမ်းအားဖြင့် ခေတ်ကျော်လွှားနိုင်ရေး နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည်နှင့်အညီ စစ်ကိုင်းတိုင်း၏ စက်မှုကဏ္ဍ လှမ်းတက်မှုအရှိန်

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

အဟုန်ကလည်း တစ်သိရ်ဂုဏ်တက်လျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက်၌ မုံရွာစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် ကလေးစက်မှုဇုန်ဟူ၍ ဇုန်သုံးဇုန်ဖြင့် အမျိုးဂုဏ်ဆောင်ရန် အားယူပွင့်လန်းနေသည်။

မုံရွာစက်မှုဇုန်တွင် လုပ်ငန်းပေါင်း ၆၁၅ ခု၊ ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၅၉၉ဒသမ၃၃သန်း၊ ကုန်ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၈၀၉ဒသမ၈၃သန်းရှိသည်။ ရွှေဘိုစက်မှုဇုန်၌ လုပ်ငန်းပေါင်း ၄၅၃ ခုရှိပြီး ငွေကျပ် ၃၂၆ဒသမ၅၇သန်း ရင်းနှီးမြှုပ်နှံကာ ငွေကျပ် ၅၅၆ဒသမ၇၀ သန်းတန်ဖိုး ကုန်ထုတ်လုပ်ခဲ့သည်။ ကလေးစက်မှုဇုန်က လုပ်ငန်းပေါင်း ၂၄၃ ခု၊ ရင်းနှီးမြှုပ်နှံမှု ၂၃၆ဒသမ၈၅သန်းဖြင့် ၇၁၅ဒသမ၁၁သန်း တန်ဖိုးရှိသည့် ကုန်စည်များ ထုတ်လုပ်ထားသည်။

ပုဂ္ဂလိကစက်ရုံအလုပ်ရုံ သုံးထောင်ကျော်တိုးတက်လာပြီး အိမ်တွင်းစက်မှုလုပ်ငန်းပေါင်း ၃၆၀ အခြေခံရှိနေသည်။ နိုင်ငံပိုင်စက်ရုံ ၆၉ ရုံဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာပွင့်လန်းအောင် အားဖြည့်ကူညီပေးနေသဖြင့် စစ်ကိုင်းတိုင်း၏ စက်မှုလက်မှုကဏ္ဍသည် အောက်ပါဇယားအတိုင်း တစ်ဆင့်တက်လှမ်းရန် တာစူနေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စက်မှုစွမ်းအားမြှင့်တင်ခြင်း			
– စက်မှုဇုန်များ	မရှိ	၃	၃
– လုပ်ငန်းပေါင်း	မရှိ	၁၃၁၁	၁၃၁၁
– ပုဂ္ဂလိကစက်ရုံ	၁၄၂၆	၄၄၆၄	၃၀၃၈
– အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ	မရှိ	၃၆၀	၃၆၀
နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ	၅၃	၆၉	၁၆

သတ္တုနှင့်တွင်းထွက်သယံဇာတ

စစ်ကိုင်းတိုင်း၌ ကျောက်စိမ်းရတနာမြေနှင့် သတ္တုတွင်းလုပ်ကွက်စခန်းများ တိုးတက်ပေါ်ထွန်းနေသည်။ ကျောက်စိမ်း၊ ကြေးနီ၊ ရွှေနှင့်ကျောက်မီးသွေး လုပ်ကွက်စခန်းများ ယခင်ကထက် တိုးပွားလာပြီး မြေဖယောင်း၊ ကန့်ကူဆံနှင့် သလင်ကျောက်စသည်တို့ကို ရှာဖွေဖော်ထုတ်ရရှိထားသည်။ ကျောက်စိမ်းကီလို ထောင်ပေါင်း ၂၂၀၊ ကြေးနီ ၂၈၅၉၂ မက်ထရစ်တန်၊ ရွှေစင် ၄၂၃၇ဒသမ၁၇ ထရိုင်အောင်စ၊ ရွှေကြမ်း ၅၆၈ဒသမ၆၈ ထရိုင်အောင်စ၊ ကျောက်မီးသွေး ၁၅၄၇၅ဒသမ၄ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

ပညာရေး

ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်မြောက်သူ များပြားပြီး ပညာထူးချွန်သူ တိုးပွားအောင် စစ်ကိုင်းတိုင်း၌လည်း ဖော်ဆောင်ပေးနေသည်။ စဉ်ဆက်မပြတ် ပညာသင်ကြားမှု အခွင့်အလမ်း ပွင့်လန်းအောင် မူလတန်းလွန်ကျောင်းပေါင်း ၉၀၃ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးထားသည်။ အခြေခံပညာ အလယ်တန်းကျောင်း ၁၃၉ ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း ၁၆၂ ကျောင်းအပါအဝင် အခြေခံပညာ ကျောင်းပေါင်း ၉၇၆ ကျောင်းအထိ ရှိလာခဲ့သည်။

မုံရွာ၌ စီးပွားရေးတက္ကသိုလ်နှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ စစ်ကိုင်း၌ ပညာရေးတက္ကသိုလ်၊ ကလေး၌ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ ရွှေဘို၌ ဒီဂရီကောလိပ်၊ စစ်ကိုင်း၌ ပညာရေးကောလိပ်နှင့် မုံရွာ၌ ပညာရေးကောလိပ်များ ဖြန့်ကြက်ဖွင့်လှစ်ပြီး ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာကို အိုးမကွာအိမ်မကွာ သင်ယူနိုင်ရေး ဆောင်ရွက်ပေးထားသည်။ ယခင်က ဒေသအတွင်း အဆင့်မြင့်ပညာသင်ယူနိုင်သူ ကျောင်းသားကျောင်းသူ ၁၄၅၈ ဦးသာ ရှိခဲ့ရာမှ ယခုအဆ ၄၀ ကျော် တိုးပွားလာမှုက နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၏ရလဒ်ကို ထင်ဟပ်နေသည်။

နိုင်ငံတော်က ညီနောင်ပြည်နယ်၊ တိုင်းများနည်းတူ စစ်ကိုင်းတိုင်း၌လည်း ရွှေလမ်းများဖောက်၊ ရွှေတံတားများ ဆောက်ကာ ပညာရွှေအိုးကြီးများ ရင်းနှီးမြှုပ်နှံပေးနေကြောင်းကို အောက်ပါပညာရေးကဏ္ဍ နှိုင်းယှဉ်ချက်ဇယားက သိကြားစေ သက်သေညွှန်းနေပေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
– ကျောင်းအင်အား	၃၆၀၃	၄၅၇၉	၉၇၆
– မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၁၅၂	၁၅၂
– e-Learning Centre	မရှိ	၆၈	၆၈
– ဆရာ၊ဆရာမဦးရေ	၁၅၀၇၂	၂၈၂၃၁	၁၃၁၅၉
– ကျောင်းသားဦးရေ	၆၀၀၅၀၁	၉၂၆၉၆၉	၃၂၆၄၆၈
– သူငယ်တန်းကျောင်းဝင်နှုန်း	၆၇.၉၇%	၉၄.၉%	၂၆.၉၃%
– သက်ကြီးစာတတ်မြောက်မှုနှုန်း	၈၀.၈၇%	၉၅.၅၀%	၁၄.၆၃%
– ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
– မူလတန်းအဆင့်	၄၂.၀၂%	၁၆.၄၇%	၂၅.၅၅%
– အလယ်တန်းအဆင့်	၄၁.၂၃%	၂.၉၉%	၃၈.၂၄%
အဆင့်မြင့်ပညာမြှင့်တင်မှု			
– အသက်မွေးဝမ်းကျောင်းတက္ကသိုလ်	မရှိ	၂	၂
– ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၁	၁
– ဒီဂရီကောလိပ်	မရှိ	၁	၁
– ကောလိပ်	၂	၂	–
– ပညာရေးကောလိပ်	၁	၂	၁
– e-Learning Centre	မရှိ	၇၅	၇၅
– သင်ကြားရေးအစီအစဉ်များ	၈	၆၈	၆၀
– ဆရာ၊ဆရာမဦးရေ	၁၅၀	၇၂၅	၅၇၅
– ကျောင်းသားဦးရေ	၁၄၅၈	၆၇၆၇၂	၆၆၂၁၄
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၄	၄

သိပ္ပံနှင့်နည်းပညာ

စစ်ကိုင်းတိုင်း၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားနေသကဲ့သို့ သိပ္ပံနှင့် နည်းပညာကဏ္ဍကလည်း ထက်ကြပ်မကွာ လိုက်ပါဖွံ့ဖြိုး တိုးတက်နေသည်။ ဒေသအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရာ၌ စစ်ကိုင်းတိုင်းမှ တစ်တပ်တစ်အား ပါဝင်လာမည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာပညာရှင်များ အထက်တစ်ဖက်ပါ အခြေပြဇယားအတိုင်း နှစ်စဉ်ထွန်းကားလျက်ရှိနေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အစိုးရနည်းပညာကောလိပ်(မုံရွာ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	၄	၇	၃
– ဆရာ၊ဆရာမဦးရေ	၄၃	၁၆၀	၁၁၇
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၅၁၂၈	၅၁၂၈
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၂၉၁၃	၂၉၁၃
အစိုးရကွန်ပျူတာကောလိပ်(မုံရွာ)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၃၃	၃၃
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၄၅၈	၄၅၈
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၇၆၄	၇၆၄
စက်မှုလက်မှုသိပ္ပံ			
– အစိုးရစက်မှုလက်မှုသိပ္ပံ(စစ်ကိုင်း)	မရှိ	၁	၁
– သင်တန်းအရေအတွက်	မရှိ	၅	၅
– ဆရာ၊ဆရာမဦးရေ	မရှိ	၁၀၅	၁၀၅
– ကျောင်းသားဦးရေ(မွေးထုတ်ပြီး)	မရှိ	၁၅၆၇	၁၅၆၇
– ကျောင်းသားဦးရေ(လက်ရှိ)	မရှိ	၈၉၇	၈၉၇
စက်မှုလက်မှုအထက်တန်းကျောင်း(မုံရွာ)	မရှိ	၁	၁

ကျန်းမာရေး

နယ်မြေကျယ်ဝန်းသော စစ်ကိုင်းတိုင်း၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ဆေးရုံ ၁၀ ရုံ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးထားသည်။ ခုတင်(၂၀၀)ဆံ့ ဆေးရုံနှစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံငါးရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံနှစ်ရုံ အပါအဝင် ဆေးရုံပေါင်း ၈၉ ရုံအထိ ရှိလာသည်။ ကျန်းမာရေးလုပ်ငန်းဌာန ခြောက်ခု တိုးလာပြီး တိုင်းရင်းဆေးပေးခန်း ၂၂ ခန်းနှင့် တိုင်းရင်းဆေးရုံ နှစ်ရုံအထိ ဖြစ်ထွန်းနေသည်။

အထူးကုနှင့် လက်ထောက်ဆရာဝန် ၉၁ ဦးအပါအဝင်ကျန်းမာရေး ဝန်ထမ်းပေါင်း ၆၀၀ နီးပါး တိုးမြှင့်ခန့်ထားပေးပြီး ဒေသအတွင်း သူနာပြုနှင့် သားဖွားဆရာမများ ပျိုးထောင်မွေးထုတ်ပေးနိုင်ရန် ယခင်သားဖွားဆရာမသင်တန်းကျောင်းအပြင် သူနာပြုသင်တန်းကျောင်းကိုလည်း ထပ်မံဖွင့်လှစ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်း၌ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများနှင့် အတူယှဉ်တွဲပြီး ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအား အရင်းအမြစ် ဖြစ်ထွန်းလျက်ရှိနေပုံကို အောက်ပါကျန်းမာရေးကဏ္ဍ အညွှန်းကိန်းများက ဖော်ပြနေသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၇၉	၈၉	၁၀
ကျန်းမာရေးဌာနများ	၂၂၂	၂၂၈	၆
ကျန်းမာရေးဝန်ထမ်းများ	၁၉၃၇	၂၅၂၁	၅၈၄
– ဆရာဝန်	၂၀၈	၂၉၉	၉၁
– သူနာပြု	၂၄၂	၅၅၄	၃၁၂
– သားဖွားဆရာမ	၁၀၀၈	၁၀၄၂	၃၄
– ကျွမ်းကျင်ဝန်ထမ်း	၁၁	၃၀	၁၉
– မြို့နယ်ကျန်းမာရေးမှူး	မရှိ	၉	၉
– လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၃၇	၃၇
– လက်ထောက်ကျန်းမာရေးမှူး	၁၄၇	၁၆၃	၁၆
– ကြီးကြပ်(၁)/(၂)	၁၅၂	၂၁၈	၆၆
တိုင်းရင်းဆေး			
– တိုင်းရင်းဆေးရုံ	မရှိ	၂	၂
– တိုင်းရင်းဆေးပေးခန်း	၆	၂၂	၁၆

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

စစ်ကိုင်းတိုင်းအတွင်း လမ်းမကြီးများ စီးဆင်းဖြတ်သန်းနေသကဲ့သို့ မြို့ပြနှင့်ကျေးလက်လမ်းများကလည်း မြစ်လက်တက်များပမာ ချိတ်ဆက်ကာ အဆိုပါလမ်းမကြီးများအတွင်းသို့ စီးဝင်ပေါင်းဆုံလျက်ရှိသည်။ ယခင်က မြို့ပြလမ်း ၁၈၆ မိုင်ခန့်သာရှိရာမှ ယခု ကတ္တရာလမ်း ၂၀၆ မိုင်အပါအဝင် ၆၄၆ မိုင်အထိ ရှိလာသည်။ မြို့ပြတံတား ၉၉၅ စင်း ရှိနေသည်။ မြို့ပြရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ရန် ၃၇ မြို့အနက် ၁၈ မြို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ကျေးလက်လမ်းများတိုးတက်လာပုံမှာ ဒေသခံတိုင်းရင်းသားများအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။ ယခင် မိုင် ၁၅၀ ကျော်ရှိရာမှ ယခုအဆ ၂၀ ကျော်တိုးပြီး မိုင်ပေါင်း ၃၀၉၂ မိုင်ကျော် ရှိနေသည်။ ကျေးလက်တံတား ၁၃၄၀ ရှိသည်။ နိုင်ငံတော်က အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင်ပါဝင်သည့် စစ်ကိုင်းတိုင်း၌ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၂၄၅၄ ရွာ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးရန်ရှိသည့်အနက် ကျေးရွာ ၂၀၅၇ ရွာ၌ လုပ်ငန်းပေါင်း ၂၇၃၃ ခုပြီးစီးခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသရှိ တိုင်းရင်းသားများ ပညာရေးတိုးတက်လာမှသာ အတွေးအခေါ် အသိအမြင် ပွင့်လန်းတိုးတက်လာပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးကာ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးပြီး စည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မာရေးအတွက် နိုင်ငံတော်က စစ်ကိုင်းတိုင်း နာဂဒေသနှင့် ကဘော်ဒေသ၌ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရ၏ ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားလူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နေပုံမှာ ရေကိုသားသော် အကြားမထင်၊ ရေပက်၍ မဝင်ဟုဆိုရလောက်အောင်ပင် ကျယ်ပြန့်နက်ရှိုင်းသည်။ ကြီးမားလေးနက်သည်။ ထက်မြက် သွက်လက်ပြီး ထဲထဲဝင်ဝင် ထိထိရောက်ရောက် ရှိလှသည်။

လွင်ပြင်ဒေသလည်း မကျန်၊ တောင်တန်းဒေသလည်း ချန်မထား၊ ဝေးလံသီခေါင်သည်ဆိုပြီး အမှုမဲ့အမှတ်မဲ့မထား စေတနာသဒ္ဒါတရား ကြီးမားလှကြောင်းကို စစ်ကိုင်းတိုင်း၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယားက အထက်တစ်ဖက်ပါအတိုင်း မှတ်ကျောက်အတင်ခံလျက်ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဖွံ့ဖြိုးရေးဒေသများ	မရှိ	၂	၂
– နာဂဒေသ	မရှိ	၁	၁
– ကဘော်ဒေသ	မရှိ	၁	၁
လမ်းတံတား			
– မြေလမ်း	မရှိ	၁၉၅/၀	၁၉၅/၀
– ကျောက်လမ်း	မရှိ	၈၁/၆	၈၁/၆
– ကတ္တရာလမ်း	မရှိ	၁၆/၇	၁၆/၇
– တံတား(ကြီး/ကြိုး)	မရှိ	၁/၅	၁/၅
ကျန်းမာရေးလုပ်ငန်း			
– ဆေးရုံ/ဆေးပေးခန်း	မရှိ	၅	၅
– ကျေးလက်ကျန်းမာရေးဌာန	မရှိ	၁၄	၁၄
ပညာရေး			
– (ထက်/လယ်/မူ)ကျောင်း	မရှိ	၈၆	၈၆
– ဆရာ၊ဆရာမဦးရေ	မရှိ	၃၂၉	၃၂၉
– ကျောင်းသားဦးရေ	မရှိ	၂၅၄၃	၂၅၄၃
စိုက်ပျိုးရေး			
– စိုက်ပျိုးရေးရုံး/စခန်း	မရှိ	၅	၅
– ဆည်/ရေရရှိရေးလုပ်ငန်း	မရှိ	၉/၃	၉/၃
သစ်တောကြိုးဝိုင်း	မရှိ	၁	၁
မွေးမြူရေးလုပ်ငန်း			
– မွေးမြူရေးခြံ	မရှိ	၁	၁
– တိမွေးကုရုံး	မရှိ	၃	၃
စွမ်းအင်			
– လျှပ်စစ်မီးစက်	မရှိ	၂၈	၂၈
– မီးလင်းသည့်မြို့/ရွာ	မရှိ	၂၀	၂၀
ပြည်သူ့ဆက်ဆံရေး			
– ရုပ်/သံလွှင့်စက်ရုံ	မရှိ	၇	၇
ဆက်သွယ်ရေး			
– စာတိုက်	မရှိ	၂	၂
– ကြေးနန်း	မရှိ	၅	၅
– တယ်လီဖုန်းလုပ်ငန်း	မရှိ	၈	၈
အကုန်အကျခံသုံးစွဲမှု *	**မရှိ**	**၂၄၀၃.၇၄**	**၂၄၀၃.၇၄**
– ဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၉၂၉.၃၀	၉၂၉.၃၀
– ဝန်ကြီးဌာနများ	မရှိ	၁၄၇၄.၄၄	၁၄၇၄.၄၄

* **ကျပ်(သန်း)**

ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး

ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်အသွင် တည်ရှိနေသော စစ်ကိုင်းတိုင်း၌ တပ်မတော်အစိုးရက အလှတွင်အယဉ်ဆင့် ဆိုရလောက်အောင် ပြည်ထောင်စုနှင့်လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးကို ထီးထီးမားမား ထူးထူးခြားခြား တိုးချဲ့ဖွင့်လှစ်ပေးထားသည်။

တပ်မတော်အစိုးရလက်ထက်၌ သမိုင်းကဏ္ဍသစ်ဖွင့်လှစ်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းစဉ်ကြီးတွင် ပညာတတ်တိုင်းရင်းသားလူမျိုးများကိုယ်တိုင် ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဖော်ဆောင် ပေးခြင်းဖြစ်သည်။ယခင်ဖွံ့ဖြိုးရေးသိပ္ပံမှ မွေးထုတ်ပေးခဲ့ပြီး ပြည်ထောင်စုအနှံ့အပြားတာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ဆရာမများ၏ ဘဝတက်လမ်းနှင့် ပညာဆက်လက်သင်ယူနိုင်ရေးအတွက် လမ်းဖွင့်ပေးခြင်းလည်းမည်သည်။

ထို့အပြင် စစ်ကိုင်းတိုင်း၏ နယ်စပ်ဒေသမြို့များဖြစ်သည့် ကလေး၊ ခန္တီး၊ လေရှီးနှင့် လဟယ်တို့မှ တိုင်းရင်းသားများအတွက် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖွင့်လှစ်ပြီး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ အလားတူဒေသအတွင်း စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားထွန်းကားစေရန်အတွက် ရွှေဘို၌ စိုက်ပျိုးရေးသိပ္ပံကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးထားသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်	ယခင်သိပ္ပံ	၁	၁
– ဆရာ၊ဆရာမဦးရေ	၆၄	၁၃၀	၆၆
– ကျောင်းသားဦးရေ	၃၁၄၇	၈၉၀၅	၅၇၅၈
သမဝါယမကောလိပ်	မရှိ	၁	၁
– ဆရာ၊ဆရာမဦးရေ	မရှိ	၃၀	၃၀
– ကျောင်းသားဦးရေ	မရှိ	၁၁၃	၁၁၃
လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း	မရှိ	၄	၄
– ဆရာ၊ဆရာမဦးရေ	မရှိ	၂၀	၂၀
– ကျောင်းသားဦးရေ	မရှိ	၁၅၂၇	၁၅၂၇
စိုက်ပျိုးရေးသိပ္ပံကျောင်း	၁	၁	–
– ဆရာ၊ဆရာမဦးရေ	၂၆	၂၆	–
– ကျောင်းသားဦးရေ	၁၀၇	၇၃၀	၆၂၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

တပ်မတော်အစိုးရသည် ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး တစ်သွေးတည်းမြင်၊ တစ်သွင်တည်းထား၊ တစ်သားတည်းဖြစ်စေရန်အတွက် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။ စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ ညီညီညာညာဖြင့် ကြည်သာရွှင်ပျ ချီတက်ကြရာတွင် စစ်ကိုင်းတိုင်း၏ ပြန်ကြားရေးကဏ္ဍကလည်း အောက်ပါအတိုင်း ခြေလှမ်းသွက်လက် ထက်မြက်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိနေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
– ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁	၁၉	၁၈
– ပြန်/ဆက်ရုံးများ	မရှိ	၄၀	၄၀
– ပြန်/ဆက်စာကြည့်တိုက်များ	၁၂	၄၀	၂၈
– ဌာနဆိုင်ရာစာကြည့်တိုက်	မရှိ	၃၅	၃၅
– ကျေးလက်စာကြည့်တိုက်	မရှိ	၁၃၃၆	၁၃၃၆
– e-Library	မရှိ	၅၂	၅၂
– ကိုယ်ပွားသတင်းစာတိုက်(ကလေး)	မရှိ	၁	၁

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံ

မန္တလေးတိုင်း စဥ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ၆ရက် နံနက်ပိုင်းရာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ပြင်ဦးလွင်၊ မတ္တရာ၊ စဥ့်ကူး၊ သပိတ်ကျင်း၊ မိုးကုတ်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၁၀၇၀၀ကျော် အင်တိုက်အားတိုက်တက်ရောက်ကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် သဘာပတိအဖြစ် ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လွင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စဥ့်ကူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီမော်၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်မြင့်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဦးလှသောင်းနှင့် ရွှေပြည်ကျေးရွာမှ ရပ်မိရပ်ဖ ဦးခင်လှတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စပယ်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စဥ့်ကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်မမတို့ကဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အမှာစကားပြောကြား

ထို့နောက်သဘာပတိ ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ စဥ့်ကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်စိုးမင်းက လည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိန်မောင်က လည်းကောင်း၊ ပြင်ဦးလွင်ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်မင်းကလည်းကောင်း တင်ပြကြသည်။

ပေးအပ်

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်မင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ကြိုးပမ်းဆောင်ရွက်မှုဖြင့် ယမန်နှစ် (ဒုတိယအကြိမ်)အဖြစ် အခြေခံပညာမူလတန်းကျောင်း၁၂ကျောင်းကို တန်ဖိုးအားဖြင့် ငွေကျပ်၄၄သိန်းအကုန်အကျခံ ပြင်ဆင်မွမ်းမံပေးခဲ့သည့် မှတ်တမ်းများကို စဥ့်ကူးမြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်ဝေအားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ရေကောင်းရေသန့်ရရှိရေးအတွက် စက်ရေတွင်းငါးတွင်း၊ လက်နှိပ်တွင်း ၂၆တွင်း ရေကန်သုံးကန် ဆောင်ရွက်ပြီးစီးခဲ့သည့် မှတ်တမ်းများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းအားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဥ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များမှ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် တတိယအကြိမ် ငွေကျပ် ၁၆သိန်းနှင့် စဥ့်ကူးမြို့နယ် ခက်သင်ကျေးရွာ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား မီးလင်းရေးအတွက် ရန်ပုံငွေကျပ် ၁၀သိန်းကို သပိတ်ကျင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းအောင်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ စဥ့်ကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတောက်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကိုရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤအခမ်းအနားကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၉နာရီ၁၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံ

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဆယ်မိုင်စံပြကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက်ရနာရီတွင် တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ဆယ်မိုင်စံပြကျေးရွာ အားကစားကွင်း၌ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကော့သောင်းခရိုင်အတွင်းရှိ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကရသူရီမြို့၊ ခမောက်ကြီးမြို့၊ ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆယ်မိုင်စံပြကျေးရွာ၊ မလိဝမ်းကျေးရွာ၊ ဘန်းကချွန်ကျေးရွာ၊ ခုနစ်မိုင်ရွှေပြည်စိုး ကျေးရွာ၊ ချမ်းဖန်းကျေးရွာများမှ ရပ်မိရပ်ဖများ၊ အသင်းဝင်များ၊ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၁၅၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက်၆နာရီတွင် စုရပ်အသီးသီးမှ စစ်ကြောင်းများဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပသည့် ဆယ်မိုင်စံပြကျေးရွာ အားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

သဘာပတိ

အခမ်းအနားတွင် သဘာပတိအဖြစ် ကော့သောင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကော့သောင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်၊ ကော့သောင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယဉ်ယဉ်ချို၊ ကော့သောင်းခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်သက်မော်(ငြိမ်း)၊ ဆယ်မိုင်စံပြကျေးရွာ ရပ်မိရပ်ဖ ဦးသန်းစိုးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ယဉ်မင်းသန့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကော့သောင်းမြို့နယ် အရန်အလုပ်အမှုဆောင် ဒေါ်နိုင်နိုင်မော်က ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်းကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများက **'ပြည်မြန်မာ'**နှင့် **'ရာသက်ပန်ပြည်ထောင်စု'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

အဖွင့်အမှာစကားပြော

ယင်းနောက် သဘာပတိ ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက်နှင့်စပ်လျဉ်း၍ ကော့သောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဝင်းက တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ကော့သောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ထွေးက တင်ပြသွားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်စုစုလွင်က တင်ပြသွားသည်။

ထောက်ခံတင်ပြ

ထို့နောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုများ တင်ပြခြင်းတို့ကို ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှမိုးထွန်းက ထောက်ခံတင်ပြသွားသည်။

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသော ပြည်သူလူထုက သဘောတူညီကြောင်း တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်သူလူထုကြီးက တစ်ခဲနက် ကြွေးကြော်ပြီး အခမ်းအနားကို နံနက်၉နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှသင်တန်းသူများ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းအဖွဲ့ခွဲများဖြစ်ကြသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ခွဲ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲနှင့်အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်၍ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ သင်တန်းသူ အမျိုးသမီးငယ်/ရွယ် ၁၀၀တို့အား ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လေ့လာရေး ပို့ဆောင်ပေးသည့် အစီအစဉ်ကို ယနေ့နံနက်ပိုင်းရာရီတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါလေ့လာရေးအစီအစဉ်သို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခဒေါ်ဌေးဌေး၊ ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ရှင်းလင်းဆောင်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအကြောင်း ရှင်းလင်းပြောကြားကာ တိုင်းရင်းသူ တိုင်းရင်းသားများက တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကပြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းသို့ သွားရောက်လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက် သာသနပဇ္ဇောတ သုံးထပ်ကျောင်းဆောင်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက် သာသနပဇ္ဇောတ သုံးထပ်ကျောင်းဆောင်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲနှင့်ရေစက်ချ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် မစိုးရိမ်ကျောင်းလမ်းရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို၍ အလှူငွေများ လက်ခံရယူသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိသီလရှင်စာသင်တိုက် သာသနပဇ္ဇောတသုံးထပ်ကျောင်းဆောင်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲတွင် အလှူငွေများကို လက်ခံယူစဉ်။ (ရန်ကုန်တိုင်း)

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော ဆရာတော်၊သံဃာတော်များ၊ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက် ပဓာနနာယကဆရာကြီးဒေါ်ကုန္ဒာစာရီနှင့်သီလရှင်ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊အမှတ်(၂)စစ်ဒေသမှူးဗိုလ်မှူးချုပ် မျိုးမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က လက်ခံပြီး အနုမောဒနာမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့်သားသမီးမြေးမြစ်တစ်စုတို့က ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး အနုမောဒနာ မှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း မိသားစုနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ သုဓမ္မမဏိဇောတရေ ဦးဇေယျသူရမွန်၊ ဒေါ်ခိုင်ခိုင်မြင့် (Gunkul°°Engineering°Co,.Ltd)၊ ဦးအိုက်လင်း (မန်နေဂျင်းဒါရိုက်တာ၊ ဂရိတ်နိုင်းကုမ္ပဏီ)၊ ဦးညိုမင်း-ဒေါ်ဥမ္မာလွင်(မင်းဇာနည်ကုမ္ပဏီ)နှင့် ဦးနေဝင်းထွန်း (ပတ္တမြားနဂါးကုမ္ပဏီ)တို့က ငွေကျပ် ၁၀ သိန်းစီ၊ မသဒ္ဒါမိုးက ငွေကျပ် ခုနစ်သိန်း၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)၊ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) ဦးကိုကိုထူး-ဒေါ်စန္ဒာအောင်မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးကျင်တီ-ဒေါ်မြင့်မြင့်ကြည်မိသားစု၊ ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း)၊ ဒေါက်တာတင်စိုးလင်း(ရွှေပုဇွန်)မိသားစု၊ ဦးမြတ်သင်းအောင်(လှိုင်သာယာစက်မှုဇုန်)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က ငွေကျပ် သုံးသိန်းစီအပါအဝင် အလှူငွေစုစုပေါင်း ၁၅၈သိန်း လေးသောင်းတစ်ထောင်ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က လက်ခံရယူကြပြီး အနုမောဒနာမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ သာဓုအနုမောဒနာ တရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ဂုဏ်ပြု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၂၀၀ကျော် အင်တိုက်အားတိုက် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဟင်္သာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ရီက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါက်တာခင်သန်းဝင်း၊ ဟင်္သာတမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်လှိုင်၊ ဟင်္သာတခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်အဖွဲ့မှ ဗိုလ်ကြီးဟန်ညွန့် (အငြိမ်းစား)၊ အိုင်သပြုကျေးရွာ ရပ်မိရပ်ဖ ဒေါက်တာစိုးလွင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဇလွန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်ဝင့်ကေခိုင်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လေးမျက်နှာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရီဝေဝေလွင်တို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအားအလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနားစတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ရီက အဖွင့်အမှာစကားပြောကြားသည်။

တင်ပြ

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ လေးမျက်နှာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ဇင်မာဦးက လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ လေးမျက်နှာမြို့နယ် အိုင်သပြုဒေသမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးညွန့်ကြည်ကလည်းကောင်း၊ ဟင်္သာတခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးချစ်ဝင်းကလည်းကောင်း တင်ပြကြသည်။

ထို့နောက် လေးမျက်နှာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ကြင်နုက ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံကြောင်း တင်ပြသည်။

အတည်ပြုဆုံးဖြတ်

ယင်းနောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ပြထောက်ခံခြင်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပြည်သူလူထုက သဘောတူညီကြောင်း ဆန္ဒပြုကြသည့်အတွက် ဤအခမ်းအနားကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလေးများက **‘ပြည်မြန်မာ’**သီချင်းနှင့် **‘ရာသက်ပန် ပြည်ထောင်စု’**သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး အခမ်းအနားကို နံနက် ၈နာရီ ၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံ မကွေးတိုင်း ပခုက္ကူမြို့နယ် သဇင်ကျေးရွာ၌ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၈နာရီတွင် မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် သရက်တောကျေးရွာအုပ်စု သဇင်ကျေးရွာ သန့်စင်ဘုန်းတော်ကြီး ကျောင်းဝင်း အတွင်း၌ ကျင်းပရာ အခမ်း အနားသို့ ဒေသခံပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်းအင်အား ၂၄၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှမင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရပ်မိရပ်ဖ ဦးသန်းမြင့်(တောင်သူ)၊ ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးသောင်းထွန်း၊ ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်၊ ပခုက္ကူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်မြင့်တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပခုက္ကူမြို့နယ် အမှတ်(၉)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်စည်းရုံးရေးမှူး ဒေါ်သန္တာဆွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ချိုမီအောင်တို့က ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုကြသည်။ ဆက်လက်၍ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် သဘာပတိ ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှမင်းက အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုခြင်းနှင့်စပ်လျဉ်း၍ ပခုက္ကူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုဌေးကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းကို ပေါက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်စိုးဝင်းက လည်းကောင်း၊ ပခုက္ကူခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောဝင်းကလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ပခုက္ကူခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်းကို မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်တင့်က ပခုက္ကူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသော်ဇင်ဦးသို့ ပေးအပ်ပြီး တင်ပြချက်များအပေါ် ရပ်မိရပ်ဖ ဦးခင်စိုးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် သဘာပတိက ပြည်သူလူထုကြီး၏ သဘောထားကိုရယူ၍ ပြည်သူလူထုကြီးက ပြည်ထောင်စုနေ့ကြီးကို အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်းနှင့် ပခုက္ကူခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုကြောင်း ဆုံးဖြတ်ချက်အား အတည်ပြုကြောင်း ကြေညာပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် နံနက် ၉နာရီ ၂၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ စာအုပ်များလှူဒါန်း

မောင်တော ဇန်နဝါရီ ၃၁

မောင်တောမြို့နယ် ဒုချီးရားတန်း ကျေးရွာအုပ်စုတွင် အလင်းသစ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ရက်က အဆိုပါ စာကြည့်တိုက်တွင်ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြမောင်ကြီးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးလက်စာကြည့်တိုက်သို့ စာအုပ် ၅၀ကို ပေးအပ် လှူဒါန်းသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်မောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြိုင်နှင့် ဒုချီးရားတန်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ဖံဖြူတို့ကအလင်းသစ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

မြေသားလမ်းနှင့် တံတားများ ကျွန်းစုမြို့တွင် ဆောင်ရွက်

ကျွန်းစု ဖေဖော်ဝါရီ ၂

စည်ပင်သာယာရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြသည်။

မြေသားလမ်းဆောင်ရွက်

တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ကတန်ကျွန်းပတ်လမ်းပေါ်ရှိ လင်းနို့ချောင်းမှ ကဘင်းချောင်းအထိ မြေသားလမ်း အရှည် ၉မိုင် ၅ဖာလုံအား ဆောင်ရွက်လျက်ရှိသည်။ ၎င်းလမ်း အပိုင်းပေါ်တွင်သစ်သားတံတား၁၅စင်း၊ကွန်ကရစ်ပြွန်လေးစင်း စုစုပေါင်း တံတား ၁၉ စင်း ဆောင်ရွက်မည် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည်

အဆိုပါ လမ်း၊ တံတားများ ဖောက်လုပ်ဆောင်ရွက်ပြီးစီးပါက ကျွန်းစုမြို့နယ်အတွင်းရှိ ကတ္တာလူကျေးရွာအုပ်စု၊ ကပကျေးရွာအုပ်စု၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ကမ်းကြီးကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၄၄ ရွာမှ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို တောင်သာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

တောင်သာ ဖေဖော်ဝါရီ ၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်သာမြို့နယ် မင်းကြိုစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၅ရက် နံနက်၉နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးမောင်တိုးနှင့် ကျောဇီတိုက်နယ် ဆရာဝန် ဒေါက်တာ ဝါဝါလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်ဆရာဝန် ဦးမြင့်ကြည်တို့က အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ကျေးရွာကျန်းမာရေးဌာနခွဲ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်တိုးက ကျန်းမာရေးဌာနခွဲဆေးခန်း ပိုင်မြေနှင့် အဆောက်အအုံ၊ ပရိဘောဂ ပစ္စည်းများကို မြို့နယ်ဆရာဝန်ဦးမြင့်ကြည်ထံ လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဆရာဝန်က လိုအပ်သည့် ဆေးဝါးပစ္စည်းများနှင့် အသုံးအဆောင် ကိရိယာပစ္စည်းများ ပြန်လည်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့လုံးကျွတ်သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စီမံချက်ဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ရက်က မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မည့် အနက်ပေ ၅၀၀၊ ၁ နာရီ ရေဂါလန် ၁၁၀၀ထွက်သော ဈေးပိုင်းရပ်ကွက် နှစ်လက်မ စက်ရေတွင်း အမှတ်(၅)ကို တွေ့မြင်ရစဉ်။ (၃၄၇)

ဟိုင်းကြီးကျွန်းတွင် အမျိုးသမီးရေးရာအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက်က အဆိုပါ အသင်းရုံးသစ်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ဟိုင်းကြီးကျွန်းမြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနာယက ဗိုလ်မှူးကြီးအေးဖေ၊ ဟိုင်းကြီးကျွန်းမြို့ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ဖြူဖြူတို့က အမှာစကားပြောကြားကြပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ နွားထိုးကြီးမြို့နယ် တက်စီကျေးရွာတွင် ဆောင်ရွက်

နွားထိုးကြီး ဖေဖော်ဝါရီ ၁

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၇ရက် နံနက်၁၁နာရီက ဖေဒိတ်ကျေးရွာအုပ်စု တက်စီကျေးရွာတွင် စံပြကျေးရွာအင်္ဂါရပ်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရွှေနှင့် တာဝန်ရှိသူများ၊ အလှူရှင်ဦးပြောင်တို့က ကျေးလက်ဆေးပေးခန်း တည်ဆောက်နေမှုအခြေအနေ၊ စာကြည့်တိုက်တည်ဆောက်မည့် မြေနေရာ၊ ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းရှိ ပင်မကျောင်းဆောင်နှင့် ပေါက်ကျိုင်းကျောင်းဆောင်သစ်၊ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာ တပ်ဆင်ရေး၊ လောကဓိပတိ အလိုပြည့်ချမ်းသာရစေတီတော် ဘက်စုံပြုပြင်ရေး၊ ထီးတော်တင်လှူရေးနှင့် သီတဂူရေလှူ့တွင်းမှ ကျေးရွာပြည်သူများသို့ ရေဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထောက်ပံ့လှူဒါန်း

နွားထိုးကြီးမြို့နယ် တက်စီကျေးရွာ ဖွံ့ဖြိုးရေးအတွက် မန္တလေးမြို့မှ ပေါက်ကျိုင်း ဒန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးပြောင်-ဒေါ်လှခင် မိသားစုက ကျေးလက်ဆေးခန်းအတွက် R.C တစ်ထပ်တိုက်၊ အုတ်တံတိုင်း၊ ရေအိမ်၊ ပရိဘောဂနှင့် ငွေကျပ်သိန်း၅၀တန် ပေါက်ကျိုင်းကျောင်းဆောင်သစ် အပါအဝင် လောကဓိပတိ အလိုပြည့်ချမ်းသာရစေတီ ထီးတော်တင်နိုင်ရေးနှင့် သီတဂူရေလှူ့တွင်းမှရေဖြန့်ဝေမှုလုပ်ငန်းများအတွက်ပါထောက်ပံ့လှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)** (၂၁၃)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဇန်နဝါရီ ၂၁ရက်က ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ချယ်ရီလမ်း သံကူကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီးမှုကိုတွေ့ရစဉ်။ (နယ်စပ်/စည်ပင်)

ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော စခန်းသာ ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဦးစီးအရာရှိ ဦးအုန်းမြင့်တို့ ဇန်နဝါရီ ၂၆ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

လူမှောင်ခိုကူးမှုကာကွယ်ရေး ပညာပေးသင်တန်းဖွင့်

မုံရွာ ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် UN-IPAတို့ ပူးပေါင်းကျင်းပသော လူမှောင်ခိုကူးမှု ကာကွယ်ရေးပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၅ရက် နံနက် ၈နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး**(အပေါ်ဝဲပုံ)** Mobile Team အဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်ထူးရော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

ဆက်လက်ပြီး Mobile Team အဖွဲ့မှ သင်တန်းဆရာများက သင်တန်းကို ဆက်လက်ပို့ချသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၂ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ကုတ်မြို့ ရေပေးရေးလုပ်ငန်းအတွက် ဝက်ကျိတ်ရေလှောင်တမံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးမြင့်လွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြို့သစ်မြို့ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်စိမ်းနှင့်ဆီများဆက်ကပ်လှူဒါန်း

မြို့သစ် ဇန်နဝါရီ ၃၁

မကွေးတိုင်း မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၂ကျောင်းမှ သံဃာတော်အပါး ၁၄၀တို့အား ဆွမ်းဆန်စိမ်း ၆၃အိတ်၊ ဆီပိဿာ ၃၀ ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကုမ္ပဏီများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဆွမ်းဆန်စိမ်း ၆၃အိတ်၊ ဆီပိဿာ၃၀နှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့၌ မီးသတ်သင်တန်းဖွင့်

ပြည် ဖေဖော်ဝါရီ ၂

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ အရန်မီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၅)ကို ဇန်နဝါရီ ၁၇ရက်မှ ၂၃ရက်အထိ ခေတ္တရာ ရတနာမြို့တော်ခန်းမတွင် ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀တက်ရောက်ကြကြောင်း သိရသည်။**(အောက်ပုံ) (မြို့နယ် စည်ပင်)**

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၇

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံတောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံ၌ ဖေဖော်ဝါရီ၂၇ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများမှ အသက် ၈၀ နှင့် အထက် အသင်းဝင်များနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများသည် ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ သတင်းပေးပို့ကြရန်နှင့် ဒေါ်ဖွားရွှေ ဖုန်း-၂၉၈၆၂၂၊ ဦးမြင့်ဆွေ ဖုန်း-၂၉၀၈၃၈နှင့် ရွှေကျင်ဓမ္မာရုံ ဖုန်း-၂၄၁၈၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒေါပုံအေးချမ်းအောင်မြင် စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် အေးချမ်းအောင်မြင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီက ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်သို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ကို့ပင်ကောက်မြို့နယ် သိုက်တူးကုန်းနှင့် သိုးဘိုကျေးရွာချင်း ဆက်လမ်းကို အလှူရှင်ဦးမြင့်ကြွယ်က ငွေကျပ် ၁၅သိန်းအကုန်အကျခံ၍ဂဝံမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (ဝ၄ဝ)

မိုင်းဖြတ်မြို့နယ်တွင် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

မိုင်းဖြတ် ဇန်နဝါရီ ၃၁

မိုင်းဖြတ်မြို့နယ် ကလေးပြိုင်ပွဲ၊ ပြပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုမျိုးညွှန့်က အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းလွင်က ကလေးကျန်းမာရေးအကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရ ကလေးငယ်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာမွေမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၏ ပညာ ရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၉ ရက်က ကျင်းပရာ ဒုတိယတန်းမှ ဘာသာစုံ ပထမဆုရ မောင်အာကာမင်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ထွေးထွေးရင် ဆုချီးမြှင့်စဉ်။ (က-ပ)

ဖျာပုံခရိုင် ပညာရေးဌာန ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ဖျာပုံ ဇန်နဝါရီ ၃၁

ဖျာပုံခရိုင်အဆင့် ပညာရေးဌာန ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၂ ရက် ၉နာရီက ဖျာပုံမြို့ အထက(၂) ပညာရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကား ပြောကြားပြီး တိုင်းပညာရေးမှူး ဦးမြင့်ဆွေနှင့် ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်တို့က တက္ကသိုလ်ဝင်တန်း စာမေးပွဲနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များကို ထပ်ဆင့် ရှင်းလင်းကြကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

နမ့်ခမ်းမြို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နမ့်ခမ်း ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ဇန်နဝါရီ ၁၂ရက်နံနက်တွင် မြို့အဝင်မှ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် လမ်းလယ်ကျွန်း၊ ပန်းခုံကွန်ကရစ်ပန်းအိုးများတွင် တော်ဝင်အုန်းပင်များနှင့် ၁၂ရာသီလုံး လမ်းလယ်ကျွန်းများတွင် ပန်းများဖူးပွင့်စေရန်အတွက် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် တော်ဝင်အုန်းပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

INFORMATICS
Windows &Office , C programming ,D.T.P ,
C& C++(with OOP)Graphic Design, Java programming
ACCPAC,Visual Basic 6.0 ,Auto CAD ,
Software Engineering ,Computer FOR KIDS

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တရားရုံးတော်၌
၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ်-၃

ဦးထွန်းထွန်းဇော်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးဝင်းမောင်)
အမှတ်(၂၄၃)၊ခိုင်ရွှေဝါလမ်း၊
၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

နှင့်

၁။ ဦးဆရီနီဗတ်
အမှတ်(၂၁)၊မြစပယ်လမ်း၊
(၃)ရပ်ကွက်၊ မရမ်းကုန်း
မြို့နယ်။
၂။ ဦးရွှေအိုး
အမှတ်(၂၁)၊ မြစပယ်လမ်း၊
(၃)ရပ်ကွက်၊ မရမ်းကုန်း
မြို့နယ်။
၃။ ဒေါ်ခင်ဝေ
အမှတ်(၆၁)၊ အောင်သိဒ္ဓိ
လမ်း၊ (၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်။
၄။ ဒေါ်မြသီတာ
အမှတ်(၁)၊ မြို့သစ်၁လမ်း၊
ကျောက်မြောင်း၊ တာမွေ
မြို့နယ်။

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များ ဦးဆရီနီဗတ်ပါ(၄) (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သော ဦးထွန်းထွန်းဇော်က အခြင်းဖြစ်အိမ်နှင့်မြေအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေ ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်လာစေ၍ဖြစ်စေ၊၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ၁၈ရက် (၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၁၀ရက်)နေ့မွန်းမတည့်မီနံနက် ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တွင် တင်သွင်းရမည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေသက်ဦး
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး။

MCC 2005
Computer Technology
Office XP
Internet
3 IN ONE
ICT FOUNDATION COURSE
ONE FOR 3

KMD Computer Centre
i-Office
Practical A+
Accpac Plus
E-mail & Web Design
Graphic Design
Desktop Publishing(DTP)
KMD

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်နေ မသီသီထွေး (ခ) မသင်းသင်းထွေး ၉/ကပတ(နိုင်)၁၄၁၇၄၆သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်ပြင် မိဘများ၏ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးအောင်ကြည်-ဒေါ်သန်းဆွေ။

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၅)နဝမတန်း(က)မှ မနန်းခမ်းစုကြည်၏ ဖခင်အမည်မှန်မှာ ဦးသိန်းစုဖြစ်ပါကြောင်း။ **ဦးသိန်းစု။**

လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာတွင် နိုင်ငံသား အရည်အချင်းပြည့်မီသူများအားနိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ရက်က မရမ်းချောင်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်း ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းဌေးမြင့်က ကျေးရွာဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်း ပရိယတ္တိသာသနာလင်္ကာရအသင်း သာမဏေကျော်ဆုနှင်းသဘင် ကျင်းပရေးစည်းဝေး

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ပရိယတ္တိ သာသနာလင်္ကာရအသင်း၏ (၁၄)ကြိမ်မြောက်နှင့် (၁၅)ကြိမ်မြောက် သာမဏေကျော် ဆုနှင်းသဘင်အခမ်းအနားကျင်းပရေးအတွက် ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ၁နာရီက မြို့မ ၉ ရပ်ကွက် ပစ္စိမာရုံ စာသင်တိုက်၌ ကျင်းပရာ အသင်းနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ စိန္တိတာလင်္ကာရက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ညှိနှိုင်းအစည်းအဝေးတွင်အသင်းနာယက ဆရာတော်နှင့် သံဃာတော်များ၊အသင်းအမှုဆောင်များ၏ဆွေးနွေးဆုံးဖြတ်ချက်အရ (၁၄)ကြိမ်မြောက်နှင့် (၁၅)ကြိမ်မြောက် သာမဏေကျော် စာမေးပွဲတွင် အောင်မြင်တော်မူကြသောတတိယဆင့်အောင်၂၂ပါး၊ဒုတိယဆင့်အောင်၈ပါးနှင့် ပထမဆင့်အောင် ၂၂၉ပါး တို့အား ဆုနှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်တွင် ကျင်းပရန် ညှိနှိုင်းဆုံးဖြတ်ကြကြောင်း သိရသည်။ **(၀၉၇)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့မဈေးကြီးအတွင်းမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၇ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးတင့်ဆွေနှင့် ဈေးဒုတိယဦးစီးမှူး ဦးမျိုးဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီက ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ရန်ကုန်ရောက်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသင်းဝင်များမှ အသက်(၇၅)နှစ်နှင့် (၇၅)နှစ်အထက်ရှိ ပုဂ္ဂိုလ်များ၊ ၂၀၀၄ခုနှစ်အတွင်း တက္ကသိုလ် အသီးသီးမှ ဂုဏ်ထူးနှင့်ဘွဲ့ရရှိသူများ၊ရန်ကုန်မှ တက္ကသိုလ်ဝင်တန်း အခြေခံပညာ အထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၏ စာရင်းများကို အထောက်အထားများနှင့်တကွဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃၊ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း (ငြိမ်း) ဖုန်း-၆၆၂၅၁၈၊ ဦးတင်ညို ဖုန်း-၂၀၄၅၀၆၊ ဒုတိယ ဗိုလ်မှူးကြီး သန်းထွေး (ငြိမ်း) ဖုန်း-၆၅၀၁၉၇ နှင့် ဦးညိုမြင့်မောင် ဖုန်း- ၇၂၇၉၅၃ တို့သို့ ဆက်သွယ် စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အာဆီယံမြို့တော်များ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် တတိယဆုရခဲ့သည့်ဦးအောင်ကျော်ဦး ခေါင်းဆောင်သော မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအသင်းကို ဖေဖော်ဝါရီ ၃ ရက် က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဇန်နဝါရီ၃၁ရက်က မြောက်ဥက္ကလာပမြို့နယ်(င)ရပ်ကွက် သန္တာလမ်းဆွမ်းလောင်းဓမ္မာရုံ၏ နဝမအကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာတွင် ကပြဖျော်ဖြေသော ရန်ကုန်တိုင်းစစ်ဌာနချုပ် မြဝတီ (ရွှေမြင့်မိုရ်)အငြိမ့်အဖွဲ့ကို (င)ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ ဓမ္မာရုံဥက္ကဋ္ဌ ဗိုလ်ကြီးတင်ရွှေ(ငြိမ်း)၊အတွင်းရေးမှူး ဦးခင်ညွန့်တို့က ဆုငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်စဉ်။ (၁၉၂)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သံဖြူဇရပ်မြို့မှတပ်မိသားစုများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မွန်ပြည်နယ်တွင် ရေးမြို့နယ်သည် လူတစ်ဦးချင်းဝင်ငွေအများဆုံးဖြစ် အလားအလာကောင်းသည့်စီးပွားရေးကဏ္ဍများ ထိထိမိမိဆောင်ရွက်

ရေး့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်တို့မှ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

မျိုးဆက်သစ်များ ကောင်းစားရေး

နောင်လာနောက်သား မျိုးဆက်သစ်များ ကောင်းစားရေးအတွက် ယနေ့ ပစ္စုပ္ပန်လူများ၌ တာဝန်ရှိရာ တာဝန် ကျေပွန်သူများ ဖြစ်အောင် ထိထိမိမိ အလုပ်လုပ်ကြရန် အရေးကြီး။

မြန်မာ့အလင်း (၅၈)နှစ်မြောက်

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❒ မြင့်သာထင်သာ ဥပမာ

မေရှု၏ကဗျာ (စာ-၇)

❒ တပ်မတော်အစိုးရသည် မြန်မာနိုင်ငံ၌ နောင်ဖြစ်ပေါ်လာမည့် လူဦးရေ သန်း ၁၀၀ ကျော်၏ အရေးကိုပါ မျှော်တွေးပြီး ရေခံမြေခံ အခြေခံကောင်းများ ဖန်တီးဖော်ဆောင်ပေးနေသော အစိုးရဖြစ်သည်။ အထက်မြန်မာပြည်၏စပါးကျီဖြစ်အောင် စစ်ကိုင်းတိုင်းကို ပုံဖော် ဖန်တီးပေးသကဲ့သို့ ကိုယ့်အားကိုယ်ကိုးနိုင်သည့် ဟင်းအိုးကြီးဖြစ်အောင် စီမံဆောင်ရွက်ပေးနေ။

သီဟအောင်၏ဆောင်းပါး (စာ-၈၊ ၁၀ နှင့် ၁၁)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံသံအမတ်ကြီးအား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Nobutake Odano အား ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**